# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်　　၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့၊　　အတွဲ [၅၄]၊ အမှတ် [၃၄၀]


**မေတ္တာသည် အတ္တမဟုတ်**

မေတ္တာသည်　စိတ်ရှည်တတ်၏။
မေတ္တာသည်　ကျေးဇူးပြုတတ်၏။
မေတ္တာသည်　ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည်　ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည်　မာန်မာနထားခြင်းမရှိ။
မေတ္တာသည်　မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည်　ကိုယ်ကျိုးမရှာတတ်။

# ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် ငြိမ်းချမ်းရေးမရရှိဘဲနှင့် မဖြစ်နိုင်၊ နှစ်ပေါင်းရှည်ကြာဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းရန်အတွက် လက်နက်ကိုင်နည်းဖြင့်မရနိုင်၊ စားပွဲဝိုင်းတွင် ဖြေရှင်းသည့်နည်းသာ ရနိုင်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်



**နေပြည်တော်　စက်တင်ဘာ　၉**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန- ၂ (MICC-2) ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC)၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိတို့အစိုးရသည် စနစ်ဟောင်း၊ ခေတ်ဟောင်းမှနေပြီး စနစ်သစ်တစ်ခုကို ပထမဆုံးစတင်ပြောင်းလဲခဲ့ရသည့် အစိုးရဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ် မတ်လအကုန်တွင် မိမိအနေဖြင့် သမ္မတတာဝန်ကို စတင်ယူရချိန်မှစ၍ သန်း ၅၀ ကျော်သော ပြည်သူများ၏ တူညီသည့်ဆန္ဒနှစ်ခုကို သတိပြုမိပါကြောင်း၊ ယင်းဆန္ဒနှစ်ခုမှာ နိုင်ငံသားတိုင်းသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြခြင်းပင် ဖြစ်ပါကြောင်း။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် အောက်တိုဘာလ ပထမပတ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေး သဘောတူညီ

*စာမျက်နှာ-၅*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဂျီတူဂျီနှင့် ပီတူပီ

ဂျီတူဂျီနှင့်ပီတူပီ ဟူသောဝေါဟာရစကားလုံးများကို လွန်ခဲ့သည့်နှစ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာသည်ကိုတွေ့ရသည်။ အထူးသဖြင့် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းတွင်ပြောဆိုကြလေ့ရှိပါသည်။ ကျွန်ုပ်တို့အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြားဝန်ကြီးအဆင့် ဆွေးနွေးပွဲများ၌ပြောဆိုသုံးစွဲလာသည်ကို တွေ့ရပေသည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံအချင်းချင်း ဆက်ဆံရေးမြှင့်တင်မှုများနှင့်အတူ ပေါ်ပေါက်လာသည်ဟု ဆိုနိုင်စရာရှိပါသည်။

ဂျီတူဂျီ (G to G)ဟူသည်အစိုးရအချင်းချင်း (Goverment to Goverment)ပူးပေါင်းဆောင်ရွက်မှု ပင်ဖြစ်သည်။ အာဆီယံနိုင်ငံအချင်းချင်းသို့မဟုတ် အာဆီယံနှင့်မိတ်ဖက်နိုင်ငံများဖြစ်သည့်တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယားအစရှိသောနိုင်ငံများအကြား နယ်ပယ်ကဏ္ဍစုံဆက်ဆံရေး တိုးမြှင့်ခြင်းဖြင့် ဒေသတွင်းပြည်သူအချင်းချင်း (People to People-P to P) အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်ရန် အကျိုးရှိအောင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

မကြာသေးမီက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ G to G အစီအစဉ်အရ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မြန်မာနိုင်ငံသားစိစစ်၍ မှန်ကန်သူများကို တရားဝင်နေထိုင် အလုပ်လုပ်ခွင့် (Work Permit )များ ထုတ်ပေးခြင်း အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအနက် ၂၆၃၃ ဦးအား Work Permit များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားရွှေ့ပြောင်း လုပ်သား ၂၂၃၆ ဦးအတွက် legalization ပြုလုပ်ဆဲဖြစ်ကြောင်းနှင့် Biometric Registration ပြုလုပ်ပြီးသူ ၄၈၆၉ ဦး စုစုပေါင်း မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၉၇၃၈ ဦးအား မလေးရှားနိုင်ငံ၌ တရားဝင်နေထိုင်အလုပ်လုပ်ခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံ၌ အလုပ်ဆက်လက်လုပ်ရန်ဆန္ဒမရှိသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် မြန်မာနိုင်ငံသားစိစစ်မှန်ကန်သူ ၁၅၂၅၆ ဦးအား ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ဖြင့်နေရပ်သို့ ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဤသည်မှာအစိုးရအချင်းချင်း (ဂျီတူဂျီ) ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသတွင်းပြည်သူအချင်းချင်း (ပီတူ ပီ) အကျိုးရှိစွာဖော်ဆောင်ပေးနိုင်သည့် သာဓကတစ်ရပ်ပင်ဖြစ်ပါသည်။

လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံတကာဆက်ဆံရေးမှာ အံ့မခန်းတိုးတက်ခဲ့ပါသည်။ နိုင်ငံတကာဆက်ဆံရေး တိုးတက်လာသည်နှင့်အမျှ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်လာခဲ့ပါသည်။ တစ်ချိန်တည်းမှာပင်ပြည်သူအချင်းချင်းအပြန်အလှန်ကူးလူးဆက်ဆံ ရောင်းဝယ်ဖောက်ကား သွားလာမှုများလည်း တိုးတက်လာခဲ့ပါသည်။ အစိုးရအချင်းချင်းဆက်ဆံမှု တိုးတက်လာမှ ပြည်သူအချင်းချင်း ဆက်ဆံရေးတိုးတက်ကာ နှစ်ဖက်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဆိုရလျှင် ဂျီတူဂျီကောင်းမှ ပီတူပီလည်းကောင်းမည်ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ကမ္ဘာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ ပွင့်လင်းမြင်သာမှုဆိုင်ရာ ဒေသတွင်းညီလာခံကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

ကမ္ဘာတစ်ဝန်း အထည်ချုပ်ကဏ္ဍတွင် ပွင့်လင်းမြင်သာမှုလိုအပ်ချက်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီထောက်ပံ့နိုင်ရန် ရည်ရွယ်၍ ဂျာမန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (BMZ) မှ ပံ့ပိုးကူညီမှုဖြင့် Garment Industries Transparency Initiative (GITI) ဒေသဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရန်ကုန်မြို့ Chatrium Hotel ၌ စက်တင်ဘာ ၈ ရက်က ကျင်းပသည်။

အဆိုပါညီလာခံသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦး၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ILO အဖွဲ့ဝင်များ၊ ပြည်ပအထည်ချုပ် လုပ်ငန်းရှင်များ၊ ပြည်ပအဝယ်ကုမ္ပဏီများ၊ လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် အလုပ်သမားသမဂ္ဂများမှ ကိုယ်စားလှယ်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အင်္ဂလန်နိုင်ငံနှင့် ဟောင်ကောင်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါ GITI ဒေသဆိုင်ရာညီလာခံတွင် အထည်ချုပ်ကဏ္ဍ ပွင့်လင်းမြင်သာမှုအတွက် လိုအပ်ချက်၊ ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်သည့်အမြင်များ၊ လက်ရှိဆောင်ရွက်နေမှုများနှင့် ၎င်းတို့၏ ရပ်တည်ချက်များ၊ ပွင့်လင်းမြင်သာမှု အရှိန်အဟုန်မြှင့်တင်ရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဖွဲ့စည်းမှုများနှင့် လုပ်ငန်းစဉ်များ၊ အထည်ချုပ်ကဏ္ဍတွင် ပွင့်လင်းမြင်သာမှုအရှိန်အဟုန်မြှင့်တင်ရာတွင်ပါဝင်ကြသည့် နိုင်ငံများနှင့်အဝယ်ကုမ္ပဏီများအား ကူညီထောက်ပံ့ပေးနိုင်သည့် GITI ၏တန်ဖိုး၊ စုပေါင်းညှိနှိုင်းအရေးဆိုရာတွင် ရပိုင်ခွင့်များ၊ အသင်းအဖွဲ့လွတ်လပ်ခွင့်နှင့်စပ်လျဉ်း၍ အကျိုးကျေးဇူးများ၊ လုပ်ခလစာနှင့်ပတ်သက်သည့် အကျိုး ကျေးဇူးများအပေါ် တက်ရောက်လာကြသော ကိုယ်စားလှယ်များမှ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ညီလာခံကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများစည်းဝေး

**သီပေါ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲလုပ်ငန်းများဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၈ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမိုးထွေးဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်လျှောက်ထားမှုအတွက် ခွင့်ပြုချက်ထုတ်ပေးခြင်းစသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁/၂၀၁၄ ညွှန်ကြားချက်များအပြင် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ဂန့်ဂေါခရိုင်၌ မဲရုံလုံခြုံရေး စည်းဝေး

**ဂန့်ဂေါ စက်တင်ဘာ ၉**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပရာတွင် မဲရုံလုံခြုံရေးနှင့် မဲကတ်ပြားများ သယ်ယူရေးလုပ်ငန်း အစည်းအဝေးကို ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇေတိုးအောင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (၁၀၁)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၇၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၉၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၅၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၉ |
| ဥရောပ | တစ်ယူရို | ၁၄၂၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၅.၁၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၃၅ |
| တရုတ် | တစ်ယွမ် | ၂၀၀.၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၂၈ |

ခင်ရတနာ-စုစည်းသည်။

◆ *ရွှေဖုံးမှ*

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရန် လိုအပ်သကဲ့သို့ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရန် လိုအပ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးဆိုသည်မှာ နိုင်ငံတည်ရှိနေသမျှ စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည့်ကိစ္စဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှသာ ရရှိမည်ဆိုသည်ကို မိမိသဘောပေါက်မိပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရတက်ပြီး ငါးလအကြာ ဩဂုတ် ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် လက်နက်ဖြင့် ဖြေရှင်း၍မရသည်ကို သမိုင်းက သက်သေပြနေပါကြောင်း၊ နှစ်ပေါင်း ၆၀ ကျော် လက်နက်နှင့် ဖြေရှင်းခဲ့သော်လည်း မည်သူမျှ အနိုင်မရဘဲ တိုင်းပြည်သာ နစ်နာဆုံးရှုံးပြီး ပြည်သူများ ဒုက္ခရောက်ရုံသာမက အဘက်ဘက်က နောက်ကျကျန်ရစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



**ဦးစောမူတူးစေးဖိုး**
**ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ**



**ဦးအင်ဘန်လ**
**ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ**



**ဦးဆေထင်**
**ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နာယက**



**ဦးနိုင်ထောမွန်**
**မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ**



**ဦးခွန်အေဘယ်တွိဒ်**
**ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဥက္ကဋ္ဌ**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည်သာလျှင် မှန်ကန်သည့်လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ထို့ကြောင့်အဖွဲ့အစည်းအားလုံးကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တစ်ဖွဲ့ချင်း တွေ့ဆုံပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲကာ တွေ့ဆုံဆွေးနွေးကြရန် ဖိတ်ခေါ်ခဲ့ပါကြောင်း။

လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးနှင့် ကာကွယ်ရေးဦးစီးချုပ်တို့ အပါအဝင် မိမိဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီကို ၁၁ ဦးနှင့် ဖွဲ့စည်းခဲ့ပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၅၂ ဦးနှင့် ဖွဲ့စည်းကာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါကြောင်း။

လေးနှစ်ကျော်ကာလအတွင်း ပြည်သူများနှစ်ပေါင်းများစွာလိုလားတောင့်တနေကြသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဆိုပြီး အဆင့်နှစ်ဆင့် သတ်မှတ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ယင်းဒေသများရှိ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ချင်းနှင့် တွေ့ဆုံထိတွေ့ဆွေးနွေးပြီး တစ်ဖွဲ့ချင်းနှင့် Bilateral Agreement ကို ဦးစွာရယူခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့နှင့် စာချုပ်ပေါင်း ၃၉ ခု ချုပ်ဆိုခဲ့ပါကြောင်း။

တစ်ချိန်တည်းမှာပင် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပြီး တိုင်းရင်းသားအဖွဲ့များ၏ ဆန္ဒအရ အဖွဲ့အချင်းချင်းလည်း တွေ့ဆုံဆွေးနွေးလိုသည့်အတွက် ၂၀၁၃ ခုနှစ်အတွင်း ပထမဆုံး လိုင်ဇာညီလာခံကို ကျင်းပပြုလုပ်ခွင့်ပြုခဲ့ပြီး မိမိကိုယ်တိုင် လိုအပ်သည်များကို ကူညီပေးကာ သဝဏ်လွှာပေးပို့ခဲ့ပါကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချင်းချင်း တွေ့ဆုံခွင့်ပြုပြီး နိုင်ငံ့အကြီးအကဲတစ်ဦးအနေဖြင့် အသိအမှတ်ပြု သဝဏ်လွှာပေးပို့ခြင်းသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရပြီးသမိုင်းတွင် ပထမဦးဆုံးအကြိမ် ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မိမိရှင်းပြနေရခြင်းသည် ငြိမ်းချမ်းရေးရလိုသည့်ဆန္ဒကို ပေါ်လွင်စေချင်သည့်အတွက် ဖြစ်ပါကြောင်း။

တိုင်းရင်းသားအချင်းချင်း တွေ့ဆုံဆွေးနွေးရာမှ ပေါ်ပေါက်လာသည့် NCCT အဖွဲ့ကို မိမိအနေဖြင့် ကောင်းမွန်စွာ ကြိုဆိုလက်ခံပြီး ယင်းအဖွဲ့နှင့် အလွတ်သဘောဆွေးနွေးပွဲများ၊ တရားဝင်ဆွေးနွေးပွဲများ အကြိမ်ပေါင်းများစွာ ပြုလုပ်စေခဲ့ပါကြောင်း၊ အကြိမ်ပေါင်းများစွာ ဆွေးနွေးပြီး တိုင်းရင်းသားများဘက်က တင်ပြလာသည့် NCA မူကြမ်းကို မိမိတို့၏ UPCC အစည်းအဝေးတွင် အကြိမ်ကြိမ်ညှိနှိုင်းပြီး ၂၀၁၅ ခုနှစ် မတ်လတွင် နှစ်ဦးနှစ်ဖက် သဘောတူညီချက်များကို မိမိကိုယ်တိုင် တက်ရောက်အားပေးခဲ့ပါကြောင်း။

တစ်ဖန် ယင်းသဘောတူညီချက်ကို တိုင်းရင်းသားအချင်းချင်း လော်ခီးလာညီလာခံ၌ ထပ်မံတွေ့ဆုံရာမှ ပေါ်ပေါက်လာသည့် ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များကို မိမိအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း NCA စာချုပ်ကို အားလုံးသဘောတူကြပြီဖြစ်ပါကြောင်းကို မိဘပြည်သူများထံ သတင်းစာထဲမှတစ်ဆင့် တင်ပြအသိပေးခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA) သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည်နှင့် ယင်းသဘောတူညီချက်အတိုင်း နိုင်ငံရေးဆွေးနွေးပွဲများကိုသွားနိုင်ရန်အတွက် မူဘောင်ဆိုင်ရာ ဆွေးနွေးပွဲများကို ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဩဂုတ် ၁၁ ရက်က ပထမဆုံးလက်မှတ်ရေးထိုးသင့်သည့် တိုင်းရင်းသားအဖွဲ့ ၁၅ ဖွဲ့ကို မိမိကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖိတ်ကြားခဲ့ခြင်းဖြစ်ပါကြောင်း။

NCA စာချုပ်လက်မှတ်ရေးထိုးပြီးသည့်အခါ ယင်းစာချုပ်အရ ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များကို ပြင်ဆင်ရမည်ဖြစ်ပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် အချိန်အခါအလိုက်ရှိနေမည်ဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပေါ်ပေါက်လာသည့် အခွင့်အရေးကို အမိအရ ဆုပ်ကိုင်နိုင်ရန် အရေးကြီးသည်ဟု မိမိအနေဖြင့် ရည်ညွှန်းပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် ငြိမ်းချမ်းရေးမရရှိဘဲနှင့် မဖြစ်နိုင်ဘူးဆိုသည်ကို အလေးအနက်ထားပြီး ပြောကြားလိုပါကြောင်း။

ထို့ကြောင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးကို ကောင်းမွန်မှန်ကန်သည့်ဆန္ဒဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန် မိမိအနေဖြင့် ဖိတ်ခေါ်ပါကြောင်း၊ ယခု စက်တင်ဘာလမကုန်မီ လက်မှတ်ရေးထိုးနိုင်ရန် ယနေ့အစည်းအဝေးတွင် မိမိတို့အားလုံးညှိနှိုင်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

နှစ်ပေါင်းရှည်ကြာဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကိုချုပ်ငြိမ်းရန်အတွက် လက်နက်ကိုင်နည်းဖြင့် မရနိုင်၊ စားပွဲဝိုင်းတွင် ဖြေရှင်းသည့်နည်းသာ ရနိုင်ပါသည်ဟု မိမိအနေဖြင့် အကြိမ်ကြိမ်အခါခါ ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သကဲ့သို့ ယနေ့လည်း ထပ်ပြီးပြောကြားလိုပါကြောင်း၊ မိမိတို့ စိတ်ရှည်၊ သည်းခံ၊ ဇွဲရှိခဲ့သကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များဘက်ကလည်း စိတ်ရှည်၊ သည်းခံ၊ ဇွဲရှိခဲ့သည့်အတွက် ယခုအဆင့်သို့ ရောက်ရှိလာခဲ့သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ဆက်လက်၍ စိတ်ရှည်၊ သည်းခံ၊ ဇွဲရှိပြီး ပြည်ထောင်စုကြီးအကျိုးအတွက် NCA ကို လက်မှတ်ရေးထိုးနိုင်ရန် မိမိအနေဖြင့် ခေါင်းဆောင်များကို ထပ်မံဖိတ်ခေါ်ပါကြောင်း၊ သို့မှသာ မိမိတို့အားလုံးဖြစ်ချင်သော ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို အတူတကွလက်တွဲပြီး ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နောက်ကျနေသည့် မိမိတို့ တိုင်းပြည်ကြီးကို ပြည်နယ်၊ ပြည်မမခွဲခြားဘဲ အတူတူ တိုးတက်အောင် ဆောင်ရွက်သွားနိုင်ရန် မိမိအနေဖြင့် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဦးစောမူတူးစေးဖိုး၊ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နာယက ဦးဆေထင်၊ မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ ဦးနိုင်ထောမွန်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဥက္ကဋ္ဌ ဦးခွန်အေဘယ်တွိဒ်တို့က ဆွေးနွေးသည်။

ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA) စာချုပ် လက်မှတ်ရေးထိုးရေးတွင် အားလုံးပါဝင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သဘောတူညီချက်စာချုပ်ကို အောက်တိုဘာ ပထမပတ်အတွင်း စတင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တက်ရောက်လာကြသူများသည် မြေညီထပ်ရှိ ဧည့်ခန်းမဆောင်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဆွေးနွေးပွဲတက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များအား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ Lake Garden Hotel၊ Bell Bistro ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ညစာစားပွဲသို့တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် KNU၊ KIO၊ KNU/KNLA (PC)၊ DKBA၊ KNPP၊ CNF၊ NMSP၊ ALP၊ RCSS၊ SSPP၊ NDAA၊ PNLO၊ ABSDF တို့မှ အဖွဲ့ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတက ညစာစားပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များကိုယ်စား KNU ကရင် အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ ဦးစောမူတူးစေးဖိုးက လက်ခံသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားခေါင်းဆောင်များနှင့် ညစာအတူ သုံးဆောင်ကြသည်။

အဆိုပါ ညစာစားပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC)၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD) တို့မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ရွေးကောက်ပွဲကာလအတွင်းလုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲအနှစ်သာရနှင့်အညီ ရွေးကောက်တင်မြှောက်နိုင်ရေး ပညာပေးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဩစတြီးယားနိုင်ငံ အကြီးအကဲဟောင်း Mr.Alfred Gusenbauer နှင့် ဘူတန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Jigme Yoser Thinley တို့ ပါဝင်သည့် Club de Madrid အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းစဉ်တို့အား ရှင်းလင်းပြောကြားပြီး Club de Madrid အဖွဲ့မှ ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှု အခက်အခဲများနှင့်လိုအပ်ချက်များ၊ လွတ်လပ်မျှတမှုအတွက် ဆောင်ရွက်ထားရှိမှု၊ သက်သေခံ မပါရှိသူ မဲပေးခွင့်ရရှိရေးတို့အားမေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက Strategic Plan ရေးဆွဲဆောင်ရွက်ခဲ့မှု၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ Voter Education ဆောင်ရွက်ခဲ့မှု၊ မဲရုံမှူးနှင့်အဖွဲ့ဝင်များအား Voter Training ဆောင်ရွက်နိုင်ရေးအတွက် နည်းပြများသင်တန်းပေးဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု၊ Logistic ပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲကာလအတွင်းလုံခြုံရေးဆောင်ရွက်ထားရှိမှု၊ သက်သေခံကတ်ပြား မရှိသော်လည်း မဲပေးခွင့်ရရှိနိုင်အောင် ဆောင်ရွက်ထားရှိမှု၊ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအနှစ်သာရနှင့်အညီ ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ပညာပေးဆောင်ရွက်မှု၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း အရည်အချင်းရှိသော ပါတီဝင်များဖြစ်အောင် ဆောင်ရွက်ရန် တိုက်တွန်းထားရှိမှု၊ ရွေးကောက်ပွဲအပြီး အာဏာရပါတီသည် နိုင်ငံတော် တိုးတက်အောင် ဆောင်ရွက်ရန်နှင့် အတိုက်အခံပါတီများအနေဖြင့် အာဏာရပါတီအား အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှု၊ တည့်မတ်ပေးမှု (Check and Balance) ဖြင့် ဆောင်ရွက်ရန်တိုက်တွန်းထားရှိမှုတို့အား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မဲဆွယ်စည်းရုံးရေးကာလအတွင်း မျှတမှုရှိရေး၊ ဘာသာရေးကို အကြောင်းပြု၍ မဲဆွယ်စည်းရုံးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲ အသုံးစရိတ် သတ်မှတ်ထိန်းကျောင်းခြင်း၊ ရွေးကောက်ပွဲအလွန် ဖြစ်ပေါ်နိုင်သည့် ပဋိပက္ခများအပေါ် ကြိုတင်စဉ်းစားဆောင်ရွက်ရမည့်အချက်များ၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ရောဝတီမြစ်ရေ ဇလွန်မြို့၌ စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။ **(မိုး/ဇလ)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် အောက်တိုဘာလပထမပတ်အတွင်းလက်မှတ်ရေးထိုးနိုင်ရေး သဘောတူညီ

စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ နိုင်ငံတော်သမ္မတနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ကို အောက်တိုဘာလ ပထမပတ်အတွင်း စတင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပတ်သက်၍ သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

သတင်းအဖွဲ့

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသူအချို့အား မြန်မာ့သတင်းစဉ်(ပြည်တွင်း)သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်-

**ဦးအောင်နိုင်ဦး**
**တွဲဖက်အစီအစဉ်ညွှန်ကြားရေးမှူး**
**မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)**



ကျွန်တော်တို့ ဒီနေ့ အလွန်ဝမ်းသာပါတယ်။ လက်မှတ်ထိုးနိုင်ဖို့လုပ်နေတာ ကြာလှပြီလေ။ အခုတော့ ဒီနေ့အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးက စက်တင်ဘာလ ၂၉ ရက်နေ့မှာ လက်မှတ်ထိုးချင်ပါတယ်ဆိုပြီး တိုင်းရင်းသားတွေကို အဆိုပြုပါတယ်။ တိုင်းရင်းသားတွေဘက်ကလည်း သူတို့မှာ ပြင်ဆင်စရာ အချိန်လေးတွေလိုပါတယ်၊ ဒါကြောင့် အောက်တိုဘာလလယ်လောက်မှ ထိုးပါရစေလို့ ပြောပါတယ်။ နောက်ဆုံး ပြန်ဆွေးနွေးတဲ့အခါကျတော့ သမ္မတကြီးက အဲဒါဆိုရင် ပြင်ဆင်ဖို့အချိန်ရအောင်၊ ပြီးတော့ ရွေးကောက်ပွဲကလည်း နီးနေတဲ့အတွက် အောက်တိုဘာပထမပတ်မှာ လက်မှတ်ထိုးမယ်ဆိုပြီး ညှိနှိုင်းခဲ့ပါတယ်။

သေချာတာတော့ အောက်တိုဘာလ ပထမပတ်မှာ လက်မှတ်ရေးထိုးဖြစ်မှာပါ။ ဒီနေ့အစည်းအဝေးရဲ့ အရေးကြီးဆုံး ဆုံးဖြတ်ချက်ပါပဲ။ ရက်ကိုတော့ အစိုးရဘက်ကရွေးပြီး တိုင်းရင်းသားတွေဘက်ကို အကြောင်းကြားမှာပါ။ လက်မှတ်ရေးထိုးတဲ့ နေရာမှာ ခြောက်ဖွဲ့မှုကတော့ မပြောင်းပါဘူး။ သူတို့ကို နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးခွင့်ပြုသွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားတွေဘက်ကလည်း သူတို့အချင်းချင်း ဆွေးနွေးမှုတွေ လုပ်ကြဦးမှာပါ။ အားလုံးညှိနှိုင်းပြီး နိုင်ငံရေးဆွေးနွေးပွဲကို လာရောက်မှာဖြစ်ပါတယ်။

အစိုးရအဖွဲ့နဲ့ ကိုးကန့်အဖွဲ့ ဆွေးနွေးမှုကိစ္စတွေလည်း ရှိနေပါတယ်။ ပလောင်အဖွဲ့အနေနဲ့လည်း Bilateral ထိုးဖို့ ဆောင်ရွက်သွားမှာပါ၊ ပြီးတော့ NCA ထိုးလို့ရမှာပါ။ တိုင်းရင်းသားအဖွဲ့အစည်းတွေဘက်ကလည်း တိုက်တွန်းသွားမယ်လို့ ပြောပါတယ်။ ရခိုင်လက်နက်ကိုင်သုံးဖွဲ့ကတော့ ပေါင်းလို့ရမယ်ဆိုရင် အဆင်ပြေသွားမှာပါ။

အစိုးရကတော့ ရခိုင်ပြည်နယ်မှာ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အင်အားစု ထားလို့မရတဲ့ မူဝါဒရှိပါတယ်။ ဒီအရင် မူဝါဒကတော့ မပြောင်းပါဘူး။ အားလုံးပါဝင်မှု (All inclusive) ကတော့ NCA မှာ မရပေမယ့် နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်ကြမှာပါ။

အောက်တိုဘာလလက်မှတ်ရေးထိုးဖို့ အဖွဲ့အနေနဲ့ ဘယ်နှဖွဲ့ ထိုးနိုင်မယ်ဆိုတာတော့ မသိသေးပါဘူး။ တိုင်းရင်းသားတွေဘက်က အားလုံးပါဝင်အောင် ဆောင်ရွက်နေပါတယ်။ ကျွန်တော့်အနေနဲ့လည်း အများစုပါဝင်ဖြစ်မယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့လည်း သမ္မတကြီးအနေနဲ့လည်း ထပ်ပြီးအချိန်ပေးတဲ့သဘောဖြစ်ပါတယ်။

ဒီနေ့မနက် ဆွေးနွေးပွဲမှာ အားလုံးပါဝင်ရေးကို ဝိုင်းဝန်းဆွေးနွေးကြပါတယ်။ အစိုးရဘက်မှာလည်း အခက်အခဲတွေ ရှိနေပါတယ်။ AA တို့၊ လားဟူတို့၊ “ဝ” အဖွဲ့တို့ဘက်ကလည်း စစ်ရေးဆိုင်ရာ လှုပ်ရှားနေတာမျိုးမရှိပါဘူး။ ကျွန်တော်တို့ဆီကို တခြား အသိအမှတ်ပြုမခံရတဲ့ လက်နက်ကိုင်အဖွဲ့တွေက အစိုးရနဲ့ လက်မှတ်ထိုးချင်တာမျိုး ရှိပါတယ်။ ဒါကြောင့်မို့ အစိုးရအနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲမှာပါပါ။ NCA အတွက်ကတော့ လက်နက်ကိုင်မရှိရေး၊ နည်းရေးကို ဆောင်ရွက်နေရတာဖြစ်လို့ အခုလိုပုံစံနဲ့ ဖြေရှင်းရတာဖြစ်ပါတယ်။ ပယ်တာမဟုတ်ပါဘူး။ အားလုံးပါဝင်ရေးမှုကို နိုင်ငံရေးဆွေးနွေးပွဲမှာ ဆောင်ရွက်သွားမှာပါ။

**ဒေါက်တာမင်းဇော်ဦး**
**ညွှန်ကြားရေးမှူး**
**အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းအကောင်အထည်ဖော်မှုဌာန**



နိုင်ငံရေး ဆွေးနွေးမှုတွေကနေ တစ်ဆင့် ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဖြစ်ပေါ်လာမှာပါ။ အခု လောလောဆယ်မှာဖြစ်နေတဲ့ တိုက်ပွဲအများစု၊ ၉၀ ရာခိုင်နှုန်းဟာ နိုင်ငံရေးကြောင့်ဖြစ်တဲ့ တိုက်ပွဲတွေ မဟုတ်ပါဘူး။ အောက်ခြေမှာ စစ်ရေးစစ်ရာအရ ညှိနှိုင်းဖို့ခက်တဲ့ အချက်အလက်တွေရှိတဲ့အပေါ်မှာ တိုက်ပွဲတွေ ဖြစ်ပွားနေတာဖြစ်ပါတယ်။

ဒါပေမယ့် အခုအစိုးရလက်ထက်မှာ ဖြစ်နေတဲ့တိုက်ပွဲတွေနဲ့ အခုအစိုးရမတိုင်ခင် တိုက်ပွဲတွေကိုကြည့်မယ်ဆိုရင် အများကြီးကွာပါတယ်။ အရင်တုန်းက မြို့နယ် ၅၀ ကျော်လောက်မှာ တိုက်ပွဲတွေဖြစ်ခဲ့တယ်။ လက်ရှိအစိုးရလက်ထက်မှာ မြို့နယ် ၃၀ လောက်အထိ လျှော့ချနိုင်တာရှိတယ်။ တိုက်ပွဲအရေအတွက်ကိုလည်း ဆယ်ဆလောက် လျှော့ချနိုင်တာ တွေ့ရတယ်။ အဲဒီလို လျှော့ချနိုင်တယ်ဆိုတာကလည်း အပစ်အခတ်ရပ်စဲရေးတွေရှိလို့ လျှော့ချနိုင်တာဖြစ်ပါတယ်။

ဒါတွေကို ပိုမိုခိုင်မြဲအောင် NCA လက်မှတ်ရေးထိုးပြီး ဖြစ်ပေါ်လာတဲ့ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ကြီးကြပ်တဲ့ယန္တရားကို ခိုင်မာအောင်လုပ်နိုင်ပြီဆိုရင် ပိုပြီးကောင်းပါတယ်။ တိုက်ပွဲတော်တော်များများကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။

အဓိကတော့ အစိုးရဘက်က တိုင်းရင်းသားတွေ တောင်းဆိုတဲ့ အားလုံးပါဝင်ရေးမှုကို မူအရ မပစ်ပယ်ဘူး။ အဲဒီတော့ တိုင်းရင်းသားတွေ ဘယ်လိုလုပ်ပြီး ပါဝင်လာမလဲဆိုတာကိုရှင်းပြလိုက်တယ်။ တစ်ဖွဲ့ချင်းအနေနဲ့ပတ်သက်ပြီး ရှင်းပြလိုက်တယ်။ ရှင်းပြလိုက်ပြီးတော့ လက်မှတ်ရေးထိုးမယ့်နေ့ကို ပြောတဲ့အခါမှာ ဘယ်အချိန်လောက် ထိုးနိုင်မလဲဆိုတာဝိုင်းပြောလိုက်တော့ အောက်တိုဘာ ပထမပတ်ကိုတော့ နှစ်ဖက်လုံးကတော့ ညှိထားတယ်။

ကိုးကန့်အဖွဲ့ကတော့ လောလောဆယ်အခြေအနေမှာ ချက်ချင်း NCA စာချုပ်ကို လက်မှတ်ထိုးဖို့ အခက်အခဲရှိတယ်၊ အစိုးရကလည်း သီးခြားဆွေးနွေးနေတာ ရှိတယ်။ နောက်တစ်ခုက TNLA ဆိုရင် အစိုးရက လက်မှတ်ထိုးပြီး အပစ်အခတ်ရပ်စဲဖို့လုပ်မယ်၊ NCA စာချုပ်မှာ လက်မှတ်ရေးထိုးလို့ရတယ်။ လက်နက်ကိုင်တပ် ထင်ထင်ရှားရှား မရှိတဲ့အဖွဲ့တွေကတော့ နိုင်ငံရေးဆွေးနွေးပွဲကို တက်လာလို့ရတယ်။ တက်ခွင့်ပေးမယ်။

AA ကတော့ KIA နယ်မြေထဲမှာနေတာဖြစ်လို့ အစိုးရဘက်က တိုက်ဖို့လည်းမရှိဘူး၊ KIA အပစ်အခတ်ရပ်စဲရေးလုပ်ရင် သူတို့လည်း ပါသွားမှာဖြစ်တယ်။ နောက်တစ်ခု တိုင်းရင်းသားတွေဘက်က ပြောတဲ့ ရခိုင်အဖွဲ့တွေ ပေါင်းလို့ရှိရင်ဆိုတာ။ ပေါင်းဖို့ မပေါင်းဖို့က အစိုးရဘက်က ပြဿနာမရှိဘူး။ အဓိကကတော့ သူတို့ဘက်က ရခိုင်ပြည်နယ်ထဲမှာ လက်နက်ကိုင်လှုပ်ရှားမှု မလုပ်ဘူးဆိုရင် ဘာပြဿနာမှမရှိဘူး။

အားလုံးပါဝင်ရေးကို ဘယ်လိုလုပ်နိုင်မလဲဆိုတာ ပြောပြတယ်။ ပြောပြတော့ တိုင်းရင်းသားတွေဘက်က ဘယ်လိုလုပ်မလဲဆိုတာကို ပြန်ညှိပြီးတော့ လုပ်မှာပေါ့၊ လောလောဆယ်ကတော့ တရားဝင်ငါးဖွဲ့ရှိတယ်။ တချို့တိုင်းရင်းသားတွေကတော့ ပြောတယ်၊ အဆင်သင့်မဖြစ်သေးဘူး၊ လူထုကို ချမပြရသေးဘူး၊ အောက်ခြေတပ်တွေကို နားလည်အောင် ရှင်းပြရဦးမယ်၊ အချိန်နည်းနည်းလိုတယ်၊ အဆင်သင့်မဖြစ်သေးတာကို နားလည်ပေးပါလို့ ပြောတယ်။

**ဦးလှမောင်ရွှေ**
**အထူးအကြံပေး**
**မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)**

တိုင်းရင်းသား ခေါင်းဆောင်ကိုးဦးလုံးက လွတ်လွတ်လပ်လပ်နဲ့ ဆွေးနွေးခဲ့ပါတယ်၊ တိုင်းရင်းသားတွေဘက်က အားလုံးပါဝင်နိုင်ဖို့ ကိစ္စကို အဓိကဆွေးနွေးသွားပါတယ်။ ကျန်တာကတော့ နိုင်ငံရေး၊ စစ်ရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေ ဆွေးနွေးပါတယ်။



နိုင်ငံတော်ဘက်ကလည်း အားလုံးပါဝင်နိုင်တဲ့ကိစ္စကို မပစ်ပယ်ပါဘူး။ အဆင့်လိုက်လုပ်သွားမယ့် ကိစ္စတွေကို ပြန်ရှင်းပြခဲ့ပါတယ်။

နိုင်ငံတော်သမ္မတဘက်က NCA ကိစ္စ ပြီးသွားပြီဖြစ်တဲ့အတွက် လာမယ့် စက်တင်ဘာလ ၂၉ ရက်နေ့မှာ လက်မှတ်ထိုးသွားနိုင်ဖို့ ညှိနှိုင်းအဆိုပြုခဲ့ပါတယ်။ တိုင်းရင်းသားတွေဘက်ကတော့ အောက်တိုဘာလလယ်လောက်မှာကျင်းပဖို့ ပြန်ပြီးအဆိုပြုခဲ့တယ်။ လက်မှတ်ရေးထိုးမှာကတော့ ဒီကြားထဲမှာ ဖြစ်ဖို့များပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် ၁၅ ဖွဲ့ကို ဖိတ်ထားပြီး ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးမယ့်ရက်ကို ပြန်လည်ညှိနှိုင်းတာ အောက်တိုဘာလလယ်လောက်ဖြစ်နေတယ်။

လက်မှတ်ရေးထိုးဖို့ ဖြစ်နိုင်ခြေအများဆုံးရှိတာကတော့ အောက်တိုဘာလ ပထမပတ်ထဲမှာဖြစ်ဖို့များပါတယ်။ လက်မှတ်ရေးထိုးဖို့ကိုတော့ တစ်ဖွဲ့ချင်းက ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ မူကိုပဲ ကျွန်တော်တို့ ဒီအဖွဲ့အစည်းတွေက ညှိနှိုင်းတာဖြစ်ပါတယ်။ လက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့ကတော့ ပြီးပြီ၊ ကျန်တဲ့အထဲက အဖွဲ့ငယ်သုံးဖွဲ့ကိုတော့ နိုင်ငံရေးဆွေးနွေးပွဲတက်ရောက်ဖို့ ကမ်းလှမ်းထားတယ်။ ဒီနေ့လုပ်တဲ့ ဆွေးနွေးပွဲကတော့ အောင်မြင်ပါတယ်။ နှစ်ဖက်လုံး ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့တဲ့အတွက် တိုင်းရင်းသားတွေဘက်မှာတော့ အမြင့်ဆုံးခေါင်းဆောင်တွေရဲ့ သဘောတူညီချက်ကို ရလိုက်တဲ့အတွက် အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။

လက်မှတ်ရေးထိုးဖို့ရက်ကတော့ အဆင်သင့်ဖြစ်တဲ့ အဖွဲ့အစည်းတွေရှိသလို အဆင်သင့်မဖြစ်သေးတဲ့သူရှိတယ်။ သူတို့ရဲ့ ပြည်သူလူထုကို ပြန်ရှင်းပြရမယ့် အဖွဲ့တွေလည်း ရှိနေတဲ့အတွက် အချိန်ပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ “ဝ” နဲ့ မိုင်းလားကိုလည်း NCA ထိုးနိုင်ဖို့ ပြည်ထောင်စုဘက်ကသူတွေ သွားရောက် ဆွေးနွေးဖို့ရှိပါတယ်။ သူတို့ဘက်က သဘောတူညီရင်လည်း လက်မှတ်ရေးထိုးသွားဖို့ပါပဲ။ မထိုးနိုင်သေးဘူးဆိုရင်လည်း Bilateral ရှိနေတဲ့အတွက် ဒါနဲ့ ဆက်ထိန်းသွားလို့ရပါတယ်။

ကျွန်တော်တို့ ၁၅ ဖွဲ့လုံးကို မျှော်လင့်ပေမယ့် တိုင်းရင်းသားတွေ တဖြည်းဖြည်း ပူးပေါင်းလာလိမ့်မယ်လို့ ယုံကြည်တယ်။ ဒီလိုမှမစရင်လည်း ကျွန်တော်တို့ ရှေ့ဆက်ဖို့ မလွယ်ဘူးလေ။ ကျွန်တော်ယုံကြည်တာက ဒီကနေ့ တက်ရောက်လာကြတဲ့ တိုင်းရင်းသားတွေအနေနဲ့ နိုင်ငံတော်သမ္မတနဲ့ အစိုးရရဲ့သဘောထားကို ပိုပြီးနားလည်လာလိမ့်မယ်ဆိုတာတော့ သေချာပါတယ်။

**ဖဒိုစောကွယ်ထူးဝင်း**
**NCCT ဒုတိယအဖွဲ့ခေါင်းဆောင်**

AA ကိစ္စကတော့ သူတို့ဒေသမှာ ပြန်မဆင်းဘဲ သူတို့ရှိတဲ့ဒေသမှာ ဆက်လက်နေရင်လည်း အပစ်အခတ်ရပ်စဲရေးမှာ မပါပေမယ့် ပစ်ခတ်တိုက်ခိုက်မှုတွေ ရှိတော့မှာမဟုတ်ဘူးလို့ ရှင်းသွားပါတယ်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးစရာမလိုဘဲ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု သွားတဲ့အဖွဲ့တွေဆိုရင်လည်း အလိုလိုနေရင်း နိုင်ငံရေး၊ စစ်ရေး အာခံချက်ရပါတယ်။

TNLA ကလည်း Bilateral ထိုးပြီး NCA မှာ လက်မှတ်ရေးထိုးမှုမှာပါဝင်မယ်ဆိုရင် သူလည်း ပါဝင်သွားမှာဖြစ်တယ်။ AA အဖွဲ့အနေနဲ့ သူတို့ရခိုင်အမျိုးသားအဖွဲ့အစည်းတွေပြန်စုစည်းပြီး လုပ်ဆောင်မယ်ဆိုရင် သူတို့ နိုင်ငံရေးဆွေးနွေးပွဲကို တက်လို့ရမှာပါ။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲသွားမယ်ဆိုရင် စစ်ရေးအရ ပစ်ခတ်တိုက်ခတ်မှုက အလိုလိုနေရင်း အာမခံချက်ရသွားတဲ့ သဘောပေါ့။

*စာမျက်နှာ ၆ ကော်လံ ၁ သို့*



# မြန်မာ-အစ္စရေး နှစ်နိုင်ငံဒေသတွင်းအခြေအနေနှင့် တပ်မတော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၉**

အစ္စရေးနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ဂါဇာရှိ ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီတွင် ပြုလုပ်ခဲ့သော Operation Black Arrow စစ်ဆင်ရေးတွင် ကျဆုံးခဲ့သည့် စစ်သည်များအတွက် ဂုဏ်ပြုအထိမ်းအမှတ်နေရာသို့ သွားရောက်လေ့လာသည်။

ယင်းနောက် တဲလ်အဗီးမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ အစ္စရေးတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Gadi Eitenkot နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံဒေသတွင်း အခြေအနေ၊ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးနှင့် တပ်မတော်နှစ်ရပ် သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များ ဆွေးနွေးသည်။ **(ယာပုံ)**

ထို့နောက် ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား Crowne Plaza Hotel ၌ အစ္စရေးနိုင်ငံ Head of Policy and Political Military Bureau, Major General(Ret.)Mr. Amos Gilard က ညစာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Phalmarhim မြို့ရှိ လေတပ်ဌာနချုပ်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ Rehovot မြို့ရှိ Elbit Systems (Defence Electornic Company)သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက Defence Electronic များနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



*စာမျက်နှာ ၅ မှ*



**ဖဒိုစောကွယ်ထူးဝင်း NCCT ဒုတိယအဖွဲ့ခေါင်းဆောင်**

အခု လက်မှတ်ရေးထိုးတဲ့အဖွဲ့မှာကျတော့ နိုင်ငံတော်အစိုးရဘက်ကနေ သတ်မှတ်တဲ့အဖွဲ့တွေကိုတော့ ဖိတ်စာပို့သွားမှာဖြစ်တယ်။ လက်မှတ်ရေးထိုးဖို့ အဆင်သင့်ဖြစ်တဲ့အဖွဲ့တွေကို လက်မှတ်ရေးထိုးသွားမှာပေါ့။ တကယ်လက်မှတ်ရေးထိုးဖို့ ဆုံးဖြတ်ရမှာကတော့ တစ်ဖွဲ့ချင်းက ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်ပါတယ်။ NCA မှာ လက်မှတ်ရေးထိုးဖို့ကို ဒီကနေ့ အစည်းအဝေးတက်တဲ့သူတွေက လက်ခံပါတယ်။ လက်မှတ်ရေးထိုးဖို့ အစိုးရဘက်က ညှိနှိုင်းမှုကတော့ စက်တင်ဘာလ ၂၉ ရက်နေ့ ဖြစ်တယ်။ ဒါပေမယ့် ကျွန်တော်တို့ဘက်မှာလည်း အဖွဲ့အစည်းအတွင်း ပြန်လည်ချပြရတာတို့၊ ပြည်သူကို ချပြရဦးမယ်ဆိုတဲ့ အခက်အခဲကြောင့် အောက်တိုဘာလ ၁၅ ရက်နေ့ ပတ်ဝန်းကျင်လောက် လက်မှတ်ရေးထိုးဖို့ပါ။ တိုက်ပွဲတွေရှိနေလို့ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်နေတာဖြစ်တယ်။ တိုက်ပွဲတွေရပ်သွားဖို့ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲဖို့ ကြိုးပမ်းနေတာဖြစ်တယ်။ ကျွန်တော်တို့ အဖွဲ့ကတော့ သေချာတယ်။ ဆုံးဖြတ်ထားပြီးသားပါ။

ဒီဆွေးနွေးပွဲကတော့ အောင်မြင်တဲ့ဆွေးနွေးပွဲလို့ ပြောလို့ရပါတယ်။ လက်မှတ်ရေးထိုးမယ့်ရက်မတိုင်ခင် ၁ ရက်အလို၊ ၂ ရက်အလိုမှာ လက်မှတ်ရေးထိုးမယ့် အဖွဲ့တွေကို မတရားအသင်းက ပယ်ဖျက်ပေးမယ်လို့ သမ္မတကြီးနဲ့ ဝန်ကြီးဦးအောင်မင်းတို့က ပြောပါတယ်။ မထိုးနိုင်သေးတဲ့အဖွဲ့တွေအတွက် Bilateral ထိုးထားတဲ့အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးဖို့အတွက် မတရားအသင်းကနေ ကင်းလွတ်မယ့် သဘောမှာရှိပါတယ်။

# ပရဟိတကျောင်း ခုနစ်ကျောင်းသို့ ငွေကျပ် ၄၇ ဒသမ ၆၈ သန်းထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ယမန်နေ့ နေ့လယ်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိပြီး အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လမ်းပန်းဆက်သွယ်ရေး၊ စားနပ်ရိက္ခာ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် သန့်ရှင်းရေးကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးမှာကြားသည်။ ဆက်လက်၍ UNOCHA, UNICEF, UNDP, UNHCR, ICRC, Oxfam အဖွဲ့ တာဝန်ခံများမှ ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် စစ်တွေမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ တောင်ပြိုလက်ဝဲ၊ ပလက်ဝမြို့နယ်များအတွင်းရှိ ပရဟိတကျောင်းခုနစ်ကျောင်းသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လအတွက်ထောက်ပံ့သည့် ဆန်ဖိုးနှင့် စားစရိတ်ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၄၇ ဒသမ ၆၈ သန်းကို ပရဟိတကျောင်းများမှ ကိုယ်စားလှယ်များထံသို့ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ စက်ရုံစုကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းနေ ရခိုင်တိုင်းရင်းသားများအားတွေ့ဆုံ၍ အမြဲတမ်းပြန်လည်နေရာချထားရေး ဆောင်ရွက်သွားမည့် အစီအမံများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကယ်ဆယ်ရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ သက္ကေယ်ပြင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းနေသူများနှင့်တွေ့ဆုံ၍ နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များကိုမေးမြန်းကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျော်ဖုံးမှ*

အဆိုပါပွဲစဉ်များအနက် စက်တင်ဘာ ၁၄ ရက်တွင် မြန်မာအသင်းနှင့် ဂျော်ဒန် အသင်း၊ စက်တင်ဘာ ၁၆ ရက်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ စက်တင်ဘာ ၁၈ ရက်တွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ စက်တင်ဘာ ၂၂ ရက်တွင် မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့သည် ညနေ ၆ နာရီခွဲတွင် စတင်ပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသမီး အိုလံပစ်ဘောလုံးပွဲစဉ်များအနက် စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာအမျိုးသမီးအသင်းနှင့် ဂျော်ဒန်အမျိုးသမီးအသင်းတို့၏ ပွဲစဉ်ကို အဆိုပါနေ့ ညနေ ၆ နာရီ ၁၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

✻ *ကျော်ဖုံးမှ*

အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ ငါးပေခွဲခန့်၊ မော်လိုက်မြို့၌ ရှစ်ပေခန့်၊ ကလေးဝမြို့၌ ခြောက်ပေခွဲခန့်၊ မင်းကင်းမြို့၌ ခြောက်ပေခန့်နှင့် မုံရွာမြို့၌ သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ သုံးပေခန့်စီ၊ ဖောင်းပြင်မြို့နှင့် မင်းကင်းမြို့တို့တွင် နှစ်ပေခန့်စီနှင့် မုံရွာမြို့၌ တစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ် ၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ Call Center ဖုန်းနံပါတ်များ ပြင်ဆင်ပြောင်းလဲမှု အသိပေးကြေညာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးသုံးစွဲသူပြည်သူများအား လျှပ်စစ်ဓာတ်အားသုံးစွဲမှုများနှင့် ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် မီးသုံးသူပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ အဆင်မပြေမှုများနှင့် အန္တရာယ်ဖြစ်ပေါ်နိုင်သည့်အခြေအနေများအတွက် ဆက်သွယ်သတင်းပေးဆောင်ရွက်လိုပါက ယခင်ထုတ်ပြန်ကြေညာထားသည့် Call Center ဖုန်းနံပါတ်များအစား အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| ယခင် Call Center ဖုန်းနံပါတ် | ပြင်ဆင်ပြောင်းလဲသည့် ဖုန်းနံပါတ် |
|---|---|
| (က) ၀၁-၂၁၅၁၄၆ | (က) ၀၁-၂၃၀၂၂၈၅ |
| (ခ) ၀၁-၂၁၅၁၄၇ | (ခ) ၀၁-၂၃၀၂၂၈၆ |
| (ဂ) ၀၁-၂၁၅၁၄၈ | (ဂ) ၀၁-၂၃၀၂၂၈၇ |
| (ဃ) ၀၁-၂၁၅၁၄၉ | (ဃ) ၀၁-၂၃၀၂၂၈၉ |
| (င) ၀၁-၂၁၅၆၆၆ | (င) ၀၁-၂၃၀၂၂၈၈ |

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာ အမှတ်(၄) ထုတ်ပြန်

*(ယမန်နေ့မှအဆက်)*

ကျန်းမာရေး၊ အာဟာရနှင့် သန့်ရှင်းရေးကဏ္ဍတွင် ရေဘေးသင့်ဒေသများရှိ လူဦးရေ ၁ ဒသမ ၆ သန်းကျော်ကို ကျန်းမာရေးစောင့်ရှောက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးစခန်းများအလိုက် ရွေ့လျားဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကူးစက်ရောဂါမဖြစ်ပွားစေရန် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဗဟိုကူးစက်ရောဂါဌာနတို့မှ အလျင်အမြန်တုံ့ပြန်ရေးအဖွဲ့ (RRT)တို့နှင့်ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဩဂုတ် ၃၁ ရက်ထိ ကူးစက်ရောဂါတားဆီးကာကွယ်ရန် ရွေ့လျားဆေးခန်း ၃၇၉ ခုနှင့် ယာယီဆေးပေးခန်း ၁၁၁၁ ခန်း တည်ထောင်ထားပြီး ပြင်ပလူနာပေါင်း ၂၂၃၂၀၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ အာဟာရဖြည့်စွက်မှုဆောင်ရွက်ခြင်းအနေဖြင့် အသက် ၅ နှစ်အောက်ကလေး ၁၄၃၀၀၀ ခန့်သည် ရေဘေးကြောင့် ထိခိုက်ခံစားခဲ့ရကြောင်း၊ ချင်းနှင့် ရခိုင်ပြည်နယ်၊ ဧရာဝတီနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အာဟာရချို့တဲ့မှုမှာ အဓိကဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အစာအာဟာရအတွက် အာဟာရဖြည့်စွက်စာများ၊ အာဟာရဖြည့်စွက်ကုထုံးများ၊ ကလေးသူငယ်အာဟာရ ဖြည့်စွက်တိုက်ကျွေးခြင်းများကဲ့သို့ ထောက်ပံ့မှုများပြုလုပ်ပေးလျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများကလည်း Myanmar Health Assistant Association မှတစ်ဆင့် ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း ဖော်ပြပါရှိသည်။

သောက်သုံးရေနှင့်သန့်ရှင်းရေးလုပ်ငန်းများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့ရှိ လူဦးရေငါးသိန်းကျော်ကို အရေးပေါ်သောက်သုံးရေနှင့် ရေသန့်ဆေးပြားများ ဖြန့်ဝေပေးလျက်ရှိပြီး ရေကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါများမဖြစ်ပွားအောင် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ရေအရင်းအမြစ် ၁၂၄၀၃၉ ခုကို ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်စင်စည်ပိုင်း ၂၆၇ ခု၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ ကလိုရင်းဆေးမှုန့်ထုပ် ၁၈၉၀၀၊ အိမ်သာအိုး ၁၉၇၀၀ တို့ကို ရေဘေးသင့်ဒေသများသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ကလိုရင်းဆေးပြား ၅၅၂၀၀၀၊ ကလိုရင်းဆေးမှုန့် ၂၅၀ ကီလိုဂရမ်၊ ရေသန့်စင်ပစ္စည်း ၁၅ ခုနှင့် အိမ်သာအိုး ၂၅၀၀၀ တို့ကို ဖြန့်ဝေပေးပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

ပြန်လည်ထူထောင်ရေးကဏ္ဍအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်နေသော ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး၊ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ (RCC) မှတစ်ဆင့် အမျိုးသားအဆင့် ပြန်လည်ထူထောင်ရေးစီမံချက်ကို ပံ့ပိုးကူညီပေးနိုင်ရန် ရှေးဦးပြန်လည်ထူထောင်ရေးဆိုင်ရာ ဆန်းစစ်လေ့လာချက်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ RCC ၏အဓိကလုပ်ဆောင်သည့်လုပ်ငန်းများမှာ လိုအပ်မှုဆန်းစစ်ချက်များ စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ သတင်းအချက်အလက်ဖြန့်ဖြူးခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ပါဝင်ကြောင်း။

ရေဘေးကြောင့်ပျက်စီးခဲ့သော ကျောင်းပေါင်း ၄၁၁၆ ကျောင်းတွင် ၆၀၈ ကျောင်းမှာ လုံးဝပျက်စီးခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုအားလုံးကို ပြန်လည်ပြင်ဆင်ထူထောင်ခြင်းများအပြင် ယာယီပညာသင်ကြားရန်နေရာများ ပြုလုပ်ပေးလျက်ရှိပြီး စာသင်ကျောင်းသင်ထောက်ကူပစ္စည်းများနှင့် ပရိဘောဂများလိုအပ်လျက်ရှိကြောင်း၊ ရေဘေးသင့်ကျောင်းသား ကျောင်းသူများ ကိုယ်စိတ်ကျန်းမာရေးအတွက် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုစောင့်ရှောက်ပေးခြင်းနှင့် သင်တန်းပေးရန် လိုအပ်လျက်ရှိကြောင်း ဖော်ပြထားသည်။

လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် ရေဘေးတုံ့ပြန်ရေးဆောင်ရွက်မှုများတွင် ရေဘေးသင့်ဒေသများသို့ ဆက်သွယ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေဘေးသင့်ဒေသများတွင် လမ်း၊ တံတားများသည် ရွှံ့နွံများ၊ အမှိုက်များ ဖုံးလွှမ်းမှုနှင့်အတူ လမ်း၊ တံတားနှင့် တာတမံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရာ အထူးသဖြင့် ချင်းပြည်နယ်တွင် သွားလာရေးခက်ခဲလျက်ရှိကြောင်း ဖော်ပြပါရှိသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်အဆင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်မှုနှင့်အတူ ဒေသနှင့်လိုက်လျောညီထွေဖြစ်မည့် လုပ်ငန်းနှင့်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် အရေးပေါ်ကွပ်ကဲမှုဗဟိုဌာန(EOC)၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ (RCC)နှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းရေးဆွဲရေးဖိုရမ်တို့မှတစ်ဆင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ထုတ်ပြန်ထားရှိသည်။

**(သတင်းစဉ်)**

# ရေကြီးရေလျှံမှုများကြောင့် ပျက်စီးပျောက်ဆုံးသွားသည့် ရေဘေးသင့်ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ထုတ်ပေးပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရန် မိုးပွင့်အဆင့်(၁)မှ (၇)ထိ စီမံချက်များဖြင့် နိုင်ငံတစ်ဝန်းကွင်းဆင်းဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ အိမ်ထောင်စုလူဦးရေစာရင်း ၆၉၆၁၂၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၂၅၁၄၃ ကတ်ကို ထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးနိုင်ရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှ ဇူလိုင်လအထိ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံတစ်ဝန်းကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ အိမ်ထောင်စုလူဦးရေစာရင်း ၄၆၄၆၉၉ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၃၆၅၂၁၄ ကတ် ထုတ်ပေးနိုင်ခဲ့သဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ တစ်နိုင်ငံလုံးတွင် အိမ်ထောင်စုလူဦးရေစာရင်း ၁၁၆၀၈၁၉ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၆၂၀၃၅၇ ကတ် ထုတ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဘေးသင့်ဒေသများမှ ပြည်သူများ၏ ပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းကို အထူးကိစ္စရပ်အနေဖြင့် မြို့နယ်များအလိုက် ရပ်ကွက်/ကျေးရွာများရှိ ကယ်ဆယ်ရေးစခန်းများသို့ ဩဂုတ် ၃ ရက်ကစတင်၍ ကွင်းဆင်းပြီး One Stop Services ဖြင့် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်များအလိုက် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးကြောင်း လျှောက်ထားသူများအား ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေး၍ အခမဲ့ပြန်လည်ထုတ်ပေးခဲ့ရာ စက်တင်ဘာ ၇ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇယားဖြင့် ဖော်ပြထားရှိသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အိမ်ထောင်စုလူဦးရေစာရင်း | | | နိုင်ငံသားစိစစ်ရေးကတ်ပြား | | |
|---|---|---|---|---|---|---|---|
| | | ဆောင်ရွက်ရန် စာရင်းပေး | ဆောင်ရွက်ပြီး | ဆောင်ရွက်ရန် ကျန် | ဆောင်ရွက်ရန် စာရင်းပေး | ဆောင်ရွက် ပြီး | ဆောင်ရွက် ရန်ကျန် |
| ၁ | ကရင် | ၇၂ | ၇၂ | ၀ | ၃၄ | ၃၄ | ၀ |
| ၂ | ချင်း | ၆၈ | ၆၈ | ၀ | ၅၄ | ၅၄ | ၀ |
| ၃ | စစ်ကိုင်း | ၅၂၄၆ | ၅၁၅၄ | ၉၂ | ၆၀၇၆ | ၅၉၆၀ | ၁၁၆ |
| ၄ | ပဲခူး (အနောက်) | ၅၅ | ၅၅ | ၀ | ၂၂ | ၂၂ | ၀ |
| ၅ | မကွေး | ၁၁၆၅ | ၁၁၆၅ | ၀ | ၇၇၈ | ၇၇၈ | ၀ |
| ၆ | မန္တလေး | ၂၅ | ၂၅ | ၀ | ၄၅ | ၄၅ | ၀ |
| ၇ | ရခိုင် | ၃၂၁ | ၃၂၁ | ၀ | ၆၀၃ | ၆၀၃ | ၀ |
| ၈ | ရန်ကုန် | ၂၁၄၆ | ၂၁၄၆ | ၀ | ၀ | ၀ | ၀ |
| ၉ | ရှမ်း(အရှေ့) | ၆၈ | ၆၈ | ၀ | ၁၃၃ | ၁၃၃ | ၀ |
| ၁၀ | ဧရာဝတီ | ၂၃၅၀ | ၁၄၁၅ | ၉၃၅ | ၂၆၈၀ | ၂၆၈၀ | ၀ |
| | **စုစုပေါင်း** | **၁၁၅၆** | **၁၀၄၈၉** | **၁၀၂၇** | **၁၀၄၂၅** | **၁၀၃၀၉** | **၁၁၆** |

ထိုသို့ဆောင်ရွက်ခဲ့ရာ ရေဘေးသင့်ဒေသများဖြစ်သော ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း(အရှေ့) ပြည်နယ်များနှင့် ပဲခူး၊ မကွေး၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စာရင်းပေးသွင်းသူများအားလုံးအတွက် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် စစ်ကိုင်းနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ဆက်လက်ထုတ်ပေးလျက်ရှိရာ မကြာမီ ထုတ်ပေးပြီးစီးမည်ဖြစ်သည်။

ထိုကဲ့သို့ ရေဘေးသင့်ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြန်လည်ထုတ်ပေးခြင်းလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် ရေဘေးသင့်ပြည်သူများအနေဖြင့် ပျက်စီးပျောက်ဆုံးမှုအခြေအနေကို သက်ဆိုင်ရာကယ်ဆယ်ရေးစခန်းများသို့ အသိပေးအကြောင်းကြားနိုင်ရန်နှင့် အမြန်ဆုံးထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၉ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ KD Sicience Co., Ltd၊ South Korea က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်နေသောငွေရေးကြေးရေးအဖွဲ့အစည်း ၁၈၇ ဖွဲ့က ငွေကျပ် ၂၉၆၀၀၇၀၀၊ AEON Microfinance Myanmar Co., Ltd က ငွေကျပ်သိန်း ၁၀၀၊ ပြည်တွင်းပုဂ္ဂလိကအာမခံကုမ္ပဏီများက ငွေကျပ် သိန်း ၄၆၀၊ နိုင်ငံခြားအာမခံကုမ္ပဏီများက ငွေ ကျပ် ၄၂၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၇၈၉၉၉ ဒသမ ၇၁ တို့ကို လာရောက်လှူဒါန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၃၇၄၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၉ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၃၂၁၉၇၂၇၆၄၃၊ အမေရိကန်ဒေါ်လာ ၁၃၆၉၅၈၁ ဒသမ ၉၇၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့များ၏စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ခဲ့ရာမြစ်ကြောင်းတစ်လျှောက်ရှိ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့များ၌ ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ သုံးပေခန့်စီ၊ ဖောင်းပြင်မြို့နှင့် မင်းကင်းမြို့တို့၌ နှစ်ပေခန့်စီနှင့် မုံရွာမြို့၌ တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**




# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခန့်ကျော်လွန်လျက်ရှိပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။


**(သတင်းစဉ်)**


# ဧရာဝတီမြစ်ရေသည် ပခုက္ကူနှင့် ညောင်ဦးမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်မည်


**နေပြည်တော် စက်တင်ဘာ ၉**


ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းတာချက်များအရ ပခုက္ကူမြို့၌ နှစ်လက်မခန့်နှင့် ညောင်ဦးမြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။


**(သတင်းစဉ်)**













# ရေဘေးသင့်ဒေသများတွင် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team)များ ပူးပေါင်းကာ ရေဘေးသင့်ဒေသများရှိ ရပ်ကွက်များ၊ ကျေးရွာများ၊ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ဆေးကုသမှုပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ရောဂါကာကွယ်တားဆီးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မီးသတ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်ခြင်း၊ ဖုံး ၊ သွန်၊ လဲ ၊ စစ် စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် အခြား ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရေဘေးကျရောက်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စက်တင်ဘာ ၈ ရက်အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကောလင်းမြို့နယ်၌ ရေဘေးပြန်လည်ထူထောင်ရေးရုံး ဖွင့်လှစ်ဆောင်ရွက်

**ကောလင်း စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ရေဘေးသင့်ကျေးရွာများပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သော လမ်းများပြုပြင်ရေး၊ တံတားများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်စွာ ပြီးစီးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရေဘေးပြန်လည်ထူထောင်ရေးရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

လမ်း၊ တံတားများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် သစ်များ၊ ဘိလပ်မြေများနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ရရှိနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ NGOအသင်းအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ထူထောင်ရေးရုံးကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ချိုက မြို့နယ်ရေဘေးပြန်လည်ထူထောင်ရေး ဆက်ဆံရေးအရာရှိအဖြစ် ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**



# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် UNDP တို့ပူးပေါင်း၍ ဘေးသင့်ဒေသများ အမြန်ပြန်လည် ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် “Information Management System and Recovery Planning Process” အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များ ဦးစားပေးဖော်ထုတ်ခြင်း၊ ပြန်လည်ထူထောင်ရေး စီမံကိန်းရေးဆွဲရန်အတွက် လေ့လာဆန်းစစ်ချက်အမျိုးမျိုးမှ ရရှိလာသည့် အချက်အလက်များကို မည်သို့အသုံးချရန်၊ ကဏ္ဍမျိုးစုံပါဝင်သော ပြန်လည်ထူထောင်ရေး စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်ရမည့် လုပ်ငန်းစဉ်များနှင့် လက်ရှိကျင့်သုံးနေသော သတင်းအချက်အလက်များ စုဆောင်းကောက်ယူထားရှိမှု စနစ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချင်းပြည်နယ် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး လှူဒါန်းငွေများ လွှဲပြောင်းပေးအပ်

**ဗန်းမော် စက်တင်ဘာ ၉**

ဗန်းမော်ခရိုင် တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအဖွဲ့က ဦးစီး၍ အခမဲ့ကူညီပေးသော ရန်ကုန်မြို့ တောနှင်းပန်းအငြိမ့်အဖွဲ့သည် စက်တင်ဘာ ၅ ရက်က ဗန်းမော်မြို့ သိမ်တော်ကြီးဘုရားဝင်းအတွင်း၌ ကပြဖျော်ဖြေခဲ့ပြီး ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ကူညီပံ့ပိုးရန် အလှူငွေများကောက်ခံခဲ့ရာ စေတနာရှင်ပြည်သူများထံမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၆၁၇၂၉၀၀ ရရှိခဲ့သည်။

ဗန်းမော်ခရိုင် တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအဖွဲ့သည် စက်တင်ဘာ ၈ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း၌ အဆိုပါ ရရှိအလှူငွေများကို လွှဲပြောင်းပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က လက်ခံယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက်က သပြေကုန်းကျေးရွာသို့ စက်လှေဖြင့် သွားရောက်၍ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၁၀ သိန်း ပံ့ပိုးကူညီခဲ့ပြီး ကျန်ရှိငွေများကို ချင်းပြည်နယ် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ကူညီပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

# ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၉**

ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဗဟိုသိုလှောင်ရုံဧည့်ခန်းမသို့ ယနေ့တွင် သံတော်မြတ်ကုမ္ပဏီ(ရန်ကုန်မြို့)က ငွေကျပ် ၈၆ သိန်းတန်ဖိုးရှိ ဆန်အိတ် ၄၀၀၊ ဦးဖေသက်-ဒေါ်ဌေးဌေးမိသားစု သံလွင်လမ်း ကမာရွတ်မြို့နယ်က ချင်းပြည်နယ် ဟားခါးမြို့နယ်၌ နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် အကျယ် ၆၄၀ စတုရန်းပေရှိ မိသားစု ငါးဦးနှင့်အထက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ် တစ်လုံးအတွက် ငွေကျပ် ၄၄၄၀၀၀၀၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ တောင်ပေါ်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါရိန္ဒက အဝတ်အထည်မျိုးစုံ ၆၈၅ ထုပ်၊ ဒေါက်တာဝင်းဝင်းသန်း၊ ဒေါက်တာခင်အေးရီ၊ ဒေါက်တာမြမြအုန်း၊ ဒေါက်တာအဲလက်စ်မေလီနှင့် ဒေါက်တာရင်ရင်မြ (ရန်ကုန်မြို့)တို့က အကျယ် ၅၄၀ စတုရန်းပေရှိ နေအိမ်တစ်လုံးအတွက် ငွေကျပ် ၃၇၄၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးဘုန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့အထိ ပြည်သူများက လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၄၆၄၇၉၉၉၀၀ နှင့် နိုင်ငံခြားငွေ ရင်းဂစ် ၂၀၀၀၊ အမေရိကန်ဒေါ်လာ ၇၀၀၄၈၊ ထိုင်းဘတ် ၁၁၃၉၅၅ တို့ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF ) က ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် Eleven Media ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(MSESF )နှင့် သင်္ဘောကုမ္ပဏီများက ငွေကျပ် ၁၆၁၆၀၂၀၀ နှင့် အမေရိကန်ဒေါ်လာ ၆၂၀၊ Gewin Maritime Co., Ltd က ငွေကျပ် ၃၁၃၆၁၀၅၀ ကို ပေးအပ်လှူဒါန်းရာ Eleven Media မှ တာဝန်ရှိသူများက လက်ခံကြပြီး ရေဘေးသင့်ပြည်သူများထံသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ **တင်ထွန်းအောင်**

# ရေစကြိုမြို့ ဈေးနားအထိ ချင်းတွင်းမြစ်ရေဝင်ရောက်

**ရေစကြို စက်တင်ဘာ ၉**

ချင်းတွင်းမြစ်ရေ ပြန်လည်မြင့်တက်လျက်ရှိပြီး စက်တင်ဘာ ၉ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ ၂၉ ဒသမ ၇ ပေသို့ ရောက်ရှိနေပြီး ရေစကြိုမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များရှိ လမ်းများနှင့် အိမ်များအတွင်း ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် ရေစကြိုမြို့၌ စိုးရိမ်ရေမှတ်မှာ ၂၈ ဒသမ ၇ ပေဖြစ်ပြီး ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်အရ ၂၉ ဒသမ ၇ ပေသို့ ရောက်ရှိနေပြီး မြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်ကျော်လွန်ရောက်ရှိနေသဖြင့် မြစ်ကမ်းတစ်လျှောက်နှင့် အနိမ့်ပိုင်းရပ်ကွက်များ၌ နေထိုင်ကြသည့် ဒေသခံပြည်သူများ ရေဘေးမှ ရှောင်ရှားကြရန်နှင့် ရွှေ့ပြောင်းလိုသော အိမ်ထောင်စုများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**



# ရေဘေးသင့်ဒေသများရှိ ကျွဲ၊ နွား တိရစ္ဆာန်များအား သက်ဆိုင်ရာက အစားအစာနှင့်ဆေးကုသမှုဆောင်ရွက်ပေး

**မကွေး စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများဖြစ်သည့် ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာမြို့များ၌ မွေးမြူထားသည့် ရေဘေးသင့် ကျွဲ၊ နွား တိရစ္ဆာန်များ ကျန်းမာရေးစောင့်ရှောက်မှု ကာကွယ်ကုသရေးလုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအထူးအဖွဲ့က ကွင်းဆင်းကာ ကျွဲ၊ နွား တိရစ္ဆာန်များ အစာအာဟာရပြည့်ဝစေရန်အတွက် အစားအစာနှင့်ဆေးကုသမှုများကို ဌာနနှင့် အခြားအလှူရှင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြန်လည်ထောက်ပံ့ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

အဓိကရေနစ်မြုပ်သည့်ဒေသများဖြစ်သည့် ပွင့်ဖြူမြို့နယ်၌ နွား ၇၀၅၃ ကောင်ကို ကာကွယ်ဆေးထိုးပြီး ကောင်ရေ ၄၃၅၀ ကို ကုသဆေးထိုးခဲ့ကြောင်း၊ ရေနစ်မြုပ်ခဲ့သည့်ဒေသများအား ဩဂုတ်လပိုင်းကစတင်ပြီး ယခုစက်တင်ဘာလအတွင်း အစာဖြန့်ဝေခြင်း၊ အာဟာရပြည့်ဝအောင် အစာနအိတ် ၂၉၅၀ ကို ရေဘေးသင့်ကျေးရွာများသို့ ဖြန့်ဖြူးပေးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ကျော်ဇေယျ(မကွေး)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

**မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃. ၅၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၅၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၁၀' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၈၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၂၀' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၁၅' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၁၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၂. ၀၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၀၉' |
| ၁၄။ | ရေသိုးရေလှောင်တမံ | ၁၅၅၀၀ | ၀. ၂၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၆၄' |
| ၁၉။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၅၀' |
| ၂၀။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၁။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၂။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၂၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၃။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၂၄။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၄၀' |
| ၂၅။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၂၀' |
| ၂၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၅၀' |
| ၂၇။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၈။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၆၀' |
| ၂၉။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၈၀' |
| ၃၀။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၇' |
| ၃၁။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၂၀' |
| ၃၂။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၄၀' |

**(သတင်းစဉ်)**

# ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၉

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းနိုင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော လုပ်သားပြည်သူအပေါင်းတို့ခင်ဗျာ-**

ကျွန်တော်ဟာ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ဥက္ကဋ္ဌ ဦးထွန်းနိုင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီဟာ ကိုးကန့်အမျိုးသားများကို အခြေခံပြီး တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပါတီဖြစ်ပါတယ်။

နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူအကျိုး ဦးထိပ်ထားပြီး ဒေသခံပြည်သူများရဲ့အကျိုးဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသမျှ ဆောင်ရွက်နေတဲ့ ပါတီဖြစ်ပါတယ်။ နိုင်ငံရေးရှုထောင့်မှာလည်း တောင်ပေါ် တိုင်းရင်းသားများ ပိုမိုခိုင်မြဲတဲ့ ပြည်ထောင်စုစိတ်ဓာတ်ပေါက်ဖွားရေးအတွက် စည်းရုံးဆောင်ရွက်တဲ့ပါတီဖြစ်ပါတယ်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟာ နိုင်ငံသားတိုင်းရဲ့ ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်းကို ကျွန်တော်တို့ပါတီအနေနှင့် အပြည့်အဝ ခံယူပါတယ်။

တောင်ပေါ် မြေပြန့် တိုင်းရင်းသားများအားလုံး လိုလားနေသော စစ်မှန်တဲ့ ဒီမိုကရေစီနှင့် စစ်မှန်တဲ့ ဖက်ဒရယ်စနစ်ကသာလျှင် ခေတ်မီဖွံ့ဖြိုးသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ ပါတီအနေနဲ့ အပြည့်အဝ ယုံကြည်ပြီး ပါတီရဲ့ ရည်မှန်းချက်အဖြစ်လည်း ခံယူပါတယ်။

လုပ်သားပြည်သူအပေါင်းတို့ လိုလားနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိစေပြီး အေးချမ်းသာယာတဲ့ လူ့ဘောင် လူ့လောက တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ ပါတီအနေနှင့် ကျရာကဏ္ဍမှ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား. . . . .။

# နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်း

**ဟားခါး စက်တင်ဘာ ၉**

၂၀၁၅ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်က နိုင်ငံတကာ စာတတ်မြောက် ရေးနေ့အခမ်းအနားသို့ ပေးပို့သော ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများကနိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အထက်တန်း၊ အလယ်တန်း၊ မူလတန်းစာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၀နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတွေ့ဆုံ ညှိနှိုင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်လွင်က ရွေးကောက်ပွဲလုံခြုံရေးအတွက် တွေ့ဆုံနိုင်သည့် အခက်အခဲများနှင့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်က ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ခံအရာရှိ ကိုယ်စား ခရိုင်ကော်မရှင်အဖွဲ့ခွဲအရာရှိနှင့် တက်ရောက်လာကြသူများက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုးနေရာ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ၁၂ နေရာ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၈ နေရာအတွက် ပါတီ ၁၃ ပါတီနှင့် တစ်သီးပုဂ္ဂလမှကိုယ်စားလှယ်လောင်း စုစုပေါင်း ၂၀၂ ဦးက ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ပြီး မဲရုံပေါင်း ၁၀၂၉ရုံနှင့် မဲဆန္ဒရှင် စုစုပေါင်း ၂၆၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ နိုင်ငံရေးပါတီကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**နတ်တလင်း စက်တင်ဘာ ၉**

နတ်တလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ရုံးခန်း၌ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မှာကြားပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အတွင်းရေးမှူး ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းနုတို့က ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာသော လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ သိလိုသော မေးမြန်းချက်များကို မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် ဥပဒေပညာရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၉**

ကယန်းအမျိုးသားပါတီ၊ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီနှင့် ကရင်ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၀ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## မဲရုံကို သွားကြစို့

**ဆန္ဒမဲပေး၊**
**တို့ရွေးချယ်မှာ၊**
**ပြည်မြန်မာ အရေးပေမို့။**
**အတွေး မသွေဖည်ကာ**
**ရှေ့ရေးကို မျှော်ရည်မှန်းပါလို့**
**ပြည်နိုင်ငံ တို့အရေး၊**
**မဲပေးကြစို့။ ။**

**မောင်တင်ဌေး(တရားရေး)**

## မြန်မာ့ရုပ်မြင်သံကြား News Channal ထုတ်လွှင့်မှုအစီအစဉ်

**၁၀-၉-၂၀၁၅ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅ ကျန်းမာဖို့ အတူကစားစို့
၆း၃၅ ကြည်ညိုဖွယ်စုံညီ မွေတော်ကက္ကူစေတီ
၇း၀၀ နံနက်ခင်းသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ လေ့လာမှတ်သား ရွေးကောက်ပွဲဆိုင်ရာများ(အပိုင်း-၃) (လက်သင်္ကေတ)
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁၂း၃၅ သုခုမရင်ခွင်အငြိမ့်သဘင် မန္တလေးလူငယ်များအငြိမ့်
မင်းသမီး- ခိုင်ဝင့်ဖြူ လူရွှင်တော်- ဦးမြတ်သာ၊ ဦးထင်ပေါ်၊ ဦးရန်အောင်
(ဒါရိုက်တာ- ဖုန်းမြင့်အောင်)

**ညပိုင်း**

၁၅း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁၆း၃၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၁၇း၅၀ ဖွံ့ဖြိုးလာသော မီဒီယာလောကနှင့်စံနှုန်းပြည့် Journalism
၁၉း၀၀ **ကယန်းအမျိုးသားပါတီ**
**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**
**ကရင်ပြည်သူ့ပါတီ**
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ ဆန္ဒတူညီ မဲပေးကြမည် (ရွေးကောက်ပွဲဆိုင်ရာ မဲပေးပုံနည်းစနစ်)
၂၁း၀၀ ပြည်တွင်းသတင်း
ညဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်
မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁) တစ်ခါကတစ်ဘဝ

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၉

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ ဗဟိုကော်မတီဝင် ဒေါ်နန်းခမ်းဗွာက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၉ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



***လေးစားအပ်ပါသော မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် မြန်မာ့ရုပ်မြင်သံကြားအား ကြည့်ရှုသော မိဘပြည်သူအပေါင်းတို့-***

အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီမှ ဗဟိုကော်မတီဝင် ဒေါ်နန်းခမ်းဗွာ ဖြစ်ပါတယ်ရှင့်။

ဒီကနေ့ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံထုတ်လွှင့်မှု အစီအစဉ်မှာ မြန်မာနိုင်ငံအတွင်းရှိ မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားမိဘပြည်သူများသိရှိနိုင်ရန် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ၏ မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ပါတီရဲ့ မူဝါဒ၊ ရှေ့လမ်းစဉ်များမတင်ပြမီ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီအကြောင်းကို အကျဉ်းမျှ တင်ပြလိုပါတယ်ရှင့်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီဟု အမည်ပြုခဲ့သော်လည်း လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ ယနေ့မျက်မှောက်ကာလအထိ အတူနေ တိုင်းရင်းသားများရဲ့အကျိုးကို ကျောသားရင်သားမခွဲခြားဘဲ အေးအတူ ပူအမျှ မျှတသောအကျိုးများ ဆောင်ကြဉ်းပေးလျက်ရှိကြောင်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပအိုဝ်းလူမျိုးအများစု နေထိုင်ရာဒေသရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး စသည့် နိုင်ငံရေးလိုအပ်ချက်များ ဖော်ဆောင်မှုအပေါ် လေ့လာခြင်းဖြင့် မျက်မြင်ကိုယ်တွေ့ မြင်တွေ့နိုင်ပါတယ်။

**လေးစားအပ်ပါသော မြန်မာနိုင်ငံသူ နိုင်ငံသား မိဘပြည်သူအပေါင်းနှင့် ပအိုဝ်းပြည်သူလူထုအပေါင်းတို့ရှင့်-**

ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီဖွဲ့စည်းရခြင်းရဲ့ ခံယူချက်သုံးချက်ရှိပါတယ်။ အဲဒီခံယူချက်များကတော့-

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အစဉ်တစိုက် ခံယူစောင့်ထိန်းသွားမှာဖြစ်ပါတယ်။

(၂) ပအိုဝ်းတိုင်းရင်းသားများသည် အခြားညီနောင်တိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စုအတွင်း အေးအတူပူအမျှ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားနှင့်အညီ ငြိမ်းချမ်းသာယာဝပြောရေးကို စဉ်ဆက်မပြတ် ခံယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၃) နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူညီမှုဖြင့် မည်သည့်နေရာ၊ မည်သည့်ဒေသတွင် နေထိုင်စေကာမူ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာ မွေးမြူလျက် ထာဝစဉ် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်ပြီး ပါတီစုံဒီမိုကရေစီစနစ် ဖွံ့ဖြိုးရှင်သန်လာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

***ဆက်လက်၍ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီရဲ့ နောက်ခံသမိုင်းကို တင်ပြလိုပါတယ်ရှင့်-***

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ ကျော်ရှိပြီး လက်ရှိမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအနက် ပအိုဝ်းတိုင်းရင်းသားဟာ သတ္တမမြောက်လူဦးရေအများဆုံး လူမျိုးဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ ပျံ့နှံ့စွာနေထိုင်လျက်ရှိပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှာ ဒုတိယလူဦးရေအများဆုံး လူမျိုးဖြစ်ပါတယ်။

အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုတွေမှာ ပအိုဝ်းအမျိုးသားတွေဟာ နိုးကြားတက်ကြွစွာ ပါဝင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးပန်းတိုင်တစ်ခုဖြစ်တဲ့ ပင်လုံစာချုပ်မှာ ပအိုဝ်းအမျိုးသားခေါင်းဆောင် ***ဦးဖြူ*** က ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာတစ်ဝန်း လူမျိုးအသီးသီးတို့မှ နိုင်ငံရေးနိုးကြားတက်ကြွလာရာ ပအိုဝ်းတိုင်းရင်းသားများသည်လည်း ၁၉၄၇ ခုနှစ်တွင် ***ပအိုဝ်းစုစည်းအဖွဲ့ခေါ် ပအိုဝ်းလွှောင်းဗျူအဖွဲ့ကို*** စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနောက် ၁၉၅၀ ပြည့်နှစ်မှာ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ)အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၁၉၅၂ ခုနှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၉၀ ပြည့်နှစ်တွေမှာ ပါလီမန်အမတ်သုံးဦးစီ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နဂိုမူလတည်ရှိသော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ)နှင့် ငြိမ်းချမ်းရေးအဖွဲ့ဖြစ်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)တို့ ပူးပေါင်းကာ ၂၀၁၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တို့မှာ တောင်ကြီးမြို့ရှိ ပအိုဝ်းအမျိုးသားများပိုင် အဆောက်အအုံတွင် ညီလာခံခေါ်ယူကျင်းပပြီး အများသဘောတူညီမှုဖြင့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ)၏ နိုင်ငံရေးလမ်းစဉ်ကို အမွေခံယူ၍ ပါတီအမည်ကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီအမည်ဖြင့် ပြန်လည်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီအနေဖြင့် လွှတ်တော်အမတ် ၁၀ ဦးသည် ပအိုဝ်းလူမျိုးများနှင့် ဒေသခံများ၏ စည်းလုံးညီညွတ်မှုများကြောင့် ကြီးမားသော အောင်မြင်မှုရရှိခဲ့ပါတယ်။ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များသည်လည်း လွှတ်တော်ထဲတွင် သော်လည်းကောင်း၊ လွှတ်တော်ပြင်ပ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သော်လည်းကောင်း တာဝန်ကျေပွန်စွာဖြင့် ဆောင်ရွက်ခဲ့ကြသည်ကို ဒေသခံမိဘပြည်သူလူထုများ သိရှိပြီးဖြစ်ပါတယ်။

ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီရဲ့ ရည်ရွယ်ချက်အချုပ်ကို တင်ပြရမယ်ဆိုရင်ဖြင့် ***ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူရည်တူ အပြန်အလှန်လေးစားတန်ဖိုးထားကာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို ထာဝစဉ်ရှင်သန်စေပြီး ဥပဒေဘောင်အတွင်း အေးအတူပူအမျှ အတူတကွ နေထိုင်ကာ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ဟန်ချက်ညီညီဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲအောင် သွေးစည်းညီညွတ်စွာ စုပေါင်းအတူတကွ လက်တွဲနေထိုင်ကြရန်*** ဖြစ်ပါတယ်။

***ဆက်လက်ပြီး ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များအကြောင်း တင်ပြလိုပါတယ်ရှင့်-***

ကျွန်မတို့ ဒီရှေ့လုပ်ငန်းစဉ်များဟာဆိုရင် ကြီးလေးတဲ့ အမျိုးသားရေးတာဝန်ကို လေးနက်စွာခံယူ၍ ဆဋ္ဌမအကြိမ် ပအိုဝ်းအမျိုးသားညီလာခံတွင် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များဖြစ်ပါတယ်။ ၎င်းလုပ်ငန်းစဉ် (၉)ရပ်ကတော့-

(၁) ပအိုဝ်းတိုင်းရင်းသားအချင်းချင်း အစဉ်ထာဝရ စည်းလုံးညီညွတ်မှုရှိစေရန် ဦးတည်ဆောင်ရွက်မည်။

(၂) တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကိုစွဲကိုင်ကာ တစ်ဦးပေါ်တစ်ဦး နားလည်မှုဖြင့် အပြန်အလှန်လေးစားတန်ဖိုးထားပြီး ထာဝရသွေးစည်းညီညွတ်မှုရှိစေရန် ဖော်ဆောင်မည်။

(၃) စစ်မှန်သောမျိုးချစ်စိတ် ထာဝစဉ်ရှင်သန်ထွန်းကားစေပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို သားစဉ်မြေးဆက်ထိ အမွေကောင်းပေးနိုင်အောင် စီမံဆောင်ရွက်မည်။

(၄) ဒေသတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအပြည့်အဝရရှိခံစားနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည်။

(၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ပအိုဝ်းတိုင်းရင်းသားများရှိရာ ဒေသတိုင်း တိုင်းရင်းသားပေါင်းစုံတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်ပြီး ယဉ်ကျေးမှုအမွေအနှစ်ဖော်ထုတ်ခြင်းကို အားပေးကူညီမှုဖြင့် ရှေးရှုဆောင်ရွက်မည်။

(၆) ဒို့တာဝန်အရေး(၃)ပါးကို အလေးထား၍ အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို တိုးချဲ့ဆောင်ရွက်ပြီး တည်ငြိမ်အေးချမ်းသာယာသော၊ ဖွံ့ဖြိုးတိုးတက်သောဒေသအဖြစ် ဆောင်ရွက်မည်။

(၇) မိမိတို့ တိုင်းရင်းသားများနှင့် အတူယှဉ်တွဲနေထိုင်သော တိုင်းရင်းသားများအားလုံး ဒီမိုကရေစီကျင့်စဉ် ရင့်ကျက်စေရန်နှင့် အားလုံးလက်ခံကျင့်သုံးနိုင်စေရန် လေ့ကျင့်ပေးပြီး တိုင်းရင်းသားများလိုလားသည့်စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ပေါ်ထွန်းလာအောင် ဦးတည်ဆောင်ရွက်မည်။

(၈) ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီး စသည့် လူ့အဖွဲ့အစည်း၏ အခြေခံလိုအပ်ချက်များ ပြည့်စုံကုံလုံမှုရှိအောင် ဆောင်ရွက်မည်။

(၉) တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုများ ရရှိအောင် အလေးထား ဆောင်ရွက်မည်။

စသည်တို့ဖြစ်ပါတယ်။



***မဲဆန္ဒရှင် မိဘပြည်သူများရှင့်-***

ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီဟာ အတူယှဉ်တွဲနေထိုင်တဲ့ တိုင်းရင်းသားများနှင့် လက်တွဲဆောင်ရွက်ရေးအတွက် စည်း ရုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ဒေသမှာ ပညာရေးကို အဓိက ထားပြီး စီမံချက်နှင့် ဆောင်ရွက်လာခဲ့ပါတယ်။ ကျေးရွာတိုင်း မူလတန်းကျောင်း ဖွင့်လှစ်ရေး၊ ကျေးရွာအုပ်စုတိုင်း အလယ်တန်းကျောင်း ဖွင့်လှစ်ရေး၊ မြို့နယ်တိုင်း အထက်တန်းကျောင်း ဖွင့်လှစ်ရေးနှင့် အထက်တန်းကျောင်းတိုင်း ရပ်ဝေးကျောင်းသူ/ကျောင်းသားများအတွက် ဘော်ဒါဆောင်ဖွင့်လှစ်ရေးဆိုပြီး ပြည်သူ့လှုပ်ရှားမှုအသွင်ဖြင့် ၁၉၉၁ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒီကနေ့ကြည့်မယ်ဆိုရင် ပအိုဝ်းဒေသမှာရှိတဲ့ လူငယ်မောင်မယ်များဟာ အရင်ကနဲ့မတူဘဲ ကျေးလက်ဒေသများရှိ လူငယ်မောင်မယ်များမှ တက္ကသိုလ်များမှာ တက်ရောက်ပညာသင်ယူနေသည်ကို များစွာတွေ့မြင်ပြီး တက္ကသိုလ်ဘွဲ့ရတွေလည်း တိုးတက်လာလျက်ရှိပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုကဏ္ဍ စတဲ့လူမှုရေးလုပ်ငန်းများကိုလည်း ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်များရဲ့ ကြိုးစားအားထုတ်မှုကြောင့် အခန်းကဏ္ဍပေါင်းစုံတိုးတက်လာပြီး ကျန်ရှိသည့် သက်တမ်းကာလမှာလည်း ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြိုးစားဆောင်ရွက်မှုကြောင့် ရရှိလာသည့်အကျိုးကျေးဇူးများကို ပအိုဝ်းလူမျိုးတစ်မျိုးတည်းသာခံစားရရှိခြင်းမဟုတ်ဘဲ ဒေသတွင်းမှာ အတူယှဉ်တွဲနေထိုင်တဲ့ ညီနောင်တိုင်းရင်းသားများအားလုံး ခံစားရရှိနေရတာကို တွေ့မြင်ကြပြီး ဖြစ်ပါတယ်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO ) ပါတီဟာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဘဲ ပအိုဝ်းတိုင်းရင်းသားအများစုရှိသည့် ဒေသများမှာသာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်(PNO )ပါတီမှ ကိုယ်စားလှယ်များအနိုင်ရရှိပါက လွှတ်တော်ထဲမှာ တိုင်းရင်းသားများ ရသင့်ရထိုက်သည့် တန်းတူအခွင့်အရေးများကို ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်သကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လွှတ်တော်တွင် ရောက်ရှိလာမည့် ကိုယ်စားလှယ်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အတူ အသစ်ဖွဲ့စည်းမည့် အစိုးရအသစ်နဲ့ပူးပေါင်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

***လေးစားအားထားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင့်-***

မိဘပြည်သူများအားလုံးကို ပန်ကြားလိုတာကတော့ ၂၀၁၅ ခုနှစ် နိုဝင် ဘာလ ၈ ရက်နေ့ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲမှာ ကျွန်မတို့ပါတီ ဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်တွေမှာ ကျွန်မတို့ ကိုယ်စားလှယ်များကို မဲပေးကြဖို့၊ အားပေးကြဖို့အတွက် ပြည်သူရဲ့မေတ္တာကို ခံယူပါရစေရှင့်။

ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO ) ပါတီရဲ့အလံဟာ ပအိုဝ်းအမျိုးသားအလံဖြစ်ပြီး ပါတီ၏အမှတ်တံဆိပ်ကတော့ ***မိမိတို့ရည်မှန်းထားတဲ့ ရှေ့ခရီးပန်းတိုင်ဆီသို့ တည့်တည့်မတ်မတ်ဦးတည်သွားနေသည့် နဂါးတစ်ကောင်လုံးပုံ***ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီရဲ့ အောင်နိုင်ရေးဆောင်ပုဒ်ကတော့-

ပအိုဝ်းဘာသာဖြင့် **ရပ်ရားလွိုင်းကွိုန့် ယံထင်းထို အွဥ့် သော့မဲး နဂါ့ယို** ဖြစ်ပါတယ်ရှင့်။

မြန်မာဘာသာဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ဖို့ နဂါးကိုမဲပေးကြစို့ ဖြစ်ပါတယ်ရှင့်။

နိဂုံးချုပ်အနေဖြင့် လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ရန် မိမိတို့ တန်ဖိုးရှိလှသော မဲတစ်ပြားကို မှန်ကန်သော အတွေးအခေါ်၊ ပြည့်ဝသောခံယူချက်၊ ထက်သန်သော စိတ်စေတနာနဲ့ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီရဲ့ လွှတ်တော်အဆင့်ဆင့် မဲပုံးထဲကို မဲထည့်ပေးကြပါရန် လေးစားစွာဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

ပြည်သူပြည်သားများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေရှင့်။

# ဒီမိုကရက်တစ်ပါတီ(မြန်မာ)က
# ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　စက်တင်ဘာ　　၉

**ဒီမိုကရက်တစ်ပါတီ(မြန်မာ)အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ချစ်ခင်လေးစားရပါသော မိဘပြည်သူများ၊ အစ်ကို အစ်မ၊ မောင်/ညီမ အပေါင်းတို့ရှင်-**

ရှေးဦးစွာ မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကျင်းပဖို့ လက်တစ်ကမ်းအလိုရောက်နေပြီဖြစ်တာကြောင့် နိုင်ငံရေးပါတီတွေကို မိဘပြည်သူများ အကဲခတ်ကောင်း ခတ်ကြပါလိမ့်မယ်။ အလားတူပဲ နိုင်ငံရေးသမားတွေကိုလည်း လေ့လာသုံးသပ်ကြမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းရွေးချယ်တဲ့အခါ ဘယ်လိုအရည်အချင်းမျိုး သတ်မှတ်ရွေးချယ်သလဲဆိုတဲ့ မေးခွန်းကိုလည်း မကြာခဏမေးမြန်းကြပါတယ်။ အမှန်စင်စစ် ကျွန်မတို့ပါတီဟာ ရိုးသားမှုအပေါ်အခြေခံတဲ့ပါတီဖြစ်တာကြောင့် ရွေးကောက်ပွဲဝင်ကြမယ့် ကိုယ်စားလှယ်လောင်းရွေးချယ်ရာမှာလည်း ရိုးသားမှုက အဓိကပါ။ မိမိရောက်ရှိတဲ့အရပ်ဒေသပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေအောင်နေတတ်သူ၊ မိမိပါတီအပေါ်သစ္စာစောင့်သိသူဖြစ်ဖို့ လိုအပ်သလိုပညာအရည်အချင်းအနေနဲ့ အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်ဖို့တော့လိုအပ်ပါတယ်။ ဒါမှလည်း မြန်မာနိုင်ငံသားအားလုံး လူဖြစ်ကျိုးနပ်စေဖို့ဆိုတဲ့ ကျွန်မတို့ရဲ့ အန္တိမရည်မှန်းချက်ကို ပါတီဝင်တွေအားလုံး တက်ညီလက်ညီ ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားတွေ လူဖြစ်ကျိုးနပ်စေဖို့ဆိုတာ ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုမလဲ။ နိုင်ငံသူ နိုင်ငံသားတိုင်း စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးတို့မှာ နိုင်ငံတကာအဆင့်မီ၊ လူတန်းစေ့လွတ်လွတ်လပ်လပ်၊ လုံခြုံငြိမ်းချမ်းစွာ အကျိုးခံစားနိုင်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းက ကလေးသူငယ်အပေါင်းအတွက် ထွန်းတောက်တဲ့ အနာဂတ်ရရှိဖို့လည်း လိုအပ်ပါတယ်။ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားဖို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ရာစုနှစ် ထက်ဝက်နီးပါး ဒီမိုကရေစီစနစ် ဆိတ်သုဉ်းခဲ့တာကြောင့် ကာလတို ၄-၅ နှစ်အတွင်း ဒီမိုကရေစီပီပီပြင်ပြင် ပြန်လည်ထွန်းကားပြီလို့ မပြောနိုင်သေးပါ။ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ခါစ နုနုနယ်နယ် ရှိပါသေးတယ်။ အခုလို နိုင်ငံတော်တည်ဆောက်ရေးကာလမှာ အမျိုးသားရေးအဖြစ် ပါတီစွဲ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကိုဘေးဖယ်ပြီး မိမိပိုင်ရာနိုင်ရာ အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ရေးဟာ အရေးကြီးလှပါတယ်။ အမျိုးသားရေးအဖြစ် တာဝန်ယူဆောင်ရွက်ကြပေမယ့် သဘောထားကွဲလွဲမှုတွေရှိနိုင်သလို ပြဿနာတွေလည်း ပေါ်ပေါက်နိုင်ပါတယ်။ အဲဒီလို ပေါ်ပေါက်လာတဲ့ သဘောထားကွဲလွဲမှုတွေကို စေ့စပ်ညှိနှိုင်းမှု၊ တွေ့ဆုံဆွေးနွေးမှု၊ အပေးအယူပြုလုပ်မှုတွေနဲ့ အတတ်နိုင်ဆုံး အဆောတလျင် ဖြေရှင်းနိုင်ပါမှ သာယာဝပြောတဲ့ ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရာမှာ တရားမျှတမှုရှိရေးဟာ အဓိကဖြစ်ပါတယ်။ အသက်သွေးချွေးပေးပြီး လက်ဆင့်ကမ်းရင်း လွတ်လပ်ရေးရယူသွားကြတဲ့ မြန်မာ့ခေါင်းဆောင်ကြီးများနဲ့ ပြည်သူအပေါင်းတို့ကို လေးစားချစ်ခင်ကြည်ညိုသောအားဖြင့် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းခဲ့ကြသလို အခု ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရာမှာလည်း လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းပြီး မြန်မာပြည်သူအားလုံးပါဝင်ကြရမှာဖြစ်ပါတယ်။ တချို့နိုင်ငံရေးသမားတွေဟာ အာဏာမရမီ တရားမျှတရေးကို ရှေ့တန်းတင်ခဲ့ကြပေမယ့် အာဏာရရှိပြီးတဲ့အခါမှာ မိမိအတွက်၊ မိမိဆွေမျိုးသားချင်းအတွက်၊ မိမိလူမျိုးစုအတွက် စသဖြင့် မိမိပတ်ဝန်းကျင်က ရုန်းမထွက်နိုင်အောင်ဖြစ်ခဲ့ကြတာ ကမ္ဘာအနှံ့တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တရားမျှတမှုကို ရှေ့တန်းတင်တဲ့ ဒီမိုကရေစီနိုင်ငံသစ်ကို အမိအရဆုပ်ကိုင်ထားရမှာဖြစ်ပါတယ်။

**လေးစားရပါသော မိဘပြည်သူအပေါင်းတို့ရှင်-**

မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် အမြစ်တွယ်ပြီး ပီပီပြင်ပြင်ခိုင်မြဲစေရေးအတွက် အရေးကြီးဆုံးဟာ အမျိုးသားစည်းလုံးညီညွတ်ရေးရရှိဖို့ပဲဖြစ်တယ်ဆိုတာ မိဘပြည်သူများ သိရှိပြီးဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြစ်ကြဖို့ လိုအပ်ပါတယ်။ အမျိုးသားစည်းလုံးညီညွတ်မှုမရရှိဘဲ စစ်မှန်တဲ့ဒီမိုကရေစီ မရနိုင်ပါ။ အမျိုးသားစည်းလုံးညီညွတ်ရေးလို့ဆိုရာမှာ လူတစ်ဦးချင်း၊ နိုင်ငံရေးပါတီအချင်းချင်း ယုံကြည်မှုတည်ဆောက်ဖို့တော့ လိုအပ်ပါတယ်။ ယုံကြည်မှုတည်ဆောက်ရာမှာလည်း အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ကျကျ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ခက်ခဲတဲ့ကိစ္စတော့မဟုတ်ပါ။ အဖျက်သမားတွေရဲ့ သွေးကွဲစေတဲ့လုပ်ရပ်မျိုး၊ သွေးခွဲတဲ့အပြောအဆိုမျိုးမှာ မိမိကိုယ်တိုင် မနစ်မျောစေဖို့ဘဲ ဖြစ်ပါတယ်။ အဲဒါအပြင် ယခင်အတိတ်ကာလက ချစ်ခင်ရင်းနှီးမှုရှိခဲ့ကြတဲ့ သာဓကတွေကို သိရှိထားပြီးသူတွေက မသိရှိသေးတဲ့ နောင်လာနောက်သားတွေအတွက် မကြာခဏဆိုသလို လက်ဆင့်ကမ်းပြောကြားပေးနိုင်ရင်လည်း ထိရောက်မှုရှိနိုင်မှာပါ။ ဥပမာ- သီပေါမင်းကို အင်္ဂလိပ်တွေ ဖမ်းသွားတုန်းက မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်ထဲက လူငါးရာနဲ့ ခားထမ်းပြီး သီပေါမင်းကိုပြန်လုဖို့ စောင့်နေကြတဲ့အဖွဲ့ခေါင်းဆောင်ဟာ ညောင်ရွှေစော်ဘွားကြီးပဲဖြစ်ပါတယ်ဆိုတဲ့ အတိတ်သမိုင်းကြောင်းမျိုးကို မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်းပြောကြားရမှာ ဖြစ်ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့အတူ အရေးတကြီးလိုအပ်နေတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးပေမယ့် ပြည်ပပယောဂကြောင့် ငြိမ်းချမ်းမှုမရှိတဲ့အနေအထားရှိနေပါတယ်။ လွတ်လပ်ရေးရပြီး တစ်တိုင်းပြည်လုံးနီးပါး ဆူပူသောင်းကျန်းမှုတွေဖြစ်ခဲ့ရပါတယ်။ အဲဒီလို ဖြစ်ခဲ့တဲ့ကြားက မြန်မာနိုင်ငံဟာ အာရှရဲ့ စပါးကျီအဖြစ် စီးပွားရေးခိုင်မာတောင့်တင်းခဲ့ပြီး ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံဖြစ်ခဲ့ပါတယ်။ ပညာရေးဘက်မှာလည်း ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကောလိပ်ကျောင်းကြီးတွေ ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေတောင် ပညာတော်သင်စေလွှတ်ပြီး ပညာဆည်းပူးရတဲ့ အခြေအနေရှိခဲ့ပါတယ်။ ငြိမ်းချမ်းမှုသာရှိမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသဖြင့် ဘက်စုံအံ့မခန်းတိုးတက်နေပြီဖြစ်ပါတယ်။ အခုလည်း နောက်မကျသေးပါဘူး။ ဒီမိုကရေစီပြန်လည်ထူထောင်ရေးကာလမှာ မြန်မာပြည်သူတစ်ရပ်လုံးသွေးစည်းညီညွတ်ပြီး ကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုရင် ကမ္ဘာ့အဆင့်မီနိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိလာမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံတချို့ဟာ သဘာဝသယံဇာတအရင်းအမြစ် ချို့တဲ့ကြတယ်။ ဒါပေမယ့် အမျိုးသားတစ်ရပ်လုံး ညီညွတ်ရေးအင်အား တောင့်တင်းတာကြောင့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတွေ ဖြစ်ကုန်ကြပါပြီ။

**မိဘပြည်သူအပေါင်းတို့ရှင်-**



ဒီမိုကရေစီနိုင်ငံသစ် ထူထောင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဆိုတဲ့ အဓိကအရေးကြီးတဲ့ ကိစ္စကြီး(၃)ရပ်/ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များရွေးချယ်ဖို့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီး နီးသထက်နီးကပ်လာပြီ ဖြစ်ပါတယ်။ မိဘပြည်သူများ ကိုယ်စားလှယ် အရွေးမှန်စေဖို့ အင်မတန်အရေးကြီးပါတယ်။ ပါတီတံဆိပ်ကိုပဲကြည့်ပြီး ကိုယ်စားလှယ် ရွေးချယ်မလား၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်ကိုပဲကြည့်ပြီး ကိုယ်စားလှယ် ရွေးချယ်မလား၊ ဒါမှမဟုတ် ကိုယ်စားလှယ်ကောင်း အရည်အသွေး၊ ပါတီသမိုင်းကြောင်း ပါတီရဲ့မူဝါဒကိုလေ့လာပြီး ရွေးချယ်မလား။

**မိဘပြည်သူအပေါင်းတို့ရှင်-**

ကျွန်မတို့ရဲ့ ဒီမိုကရက်တစ်ပါတီ (မြန်မာ) ကတော့ လူဖြစ်ကျိုးနပ်စေဖို့ဆိုတဲ့ ရည်မှန်းချက်ဆောင်ပုဒ်နဲ့အညီ ပါတီသင်္ကေတတံဆိပ်က သရုပ်ဖော်ထားပြီးဖြစ်ပါတယ်။ ရွှေဝါရောင်နောက်ခံမှာ အနီရောင်ကြယ်(၁၄) လုံး ဝန်းရံထားတဲ့ “က” ဒေါင်းစိမ်းကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒေါင်းငှက်တွေဟာ ပျော်ရွှင်မြူးထူးတဲ့အခါ “က” တတ်ကြတဲ့အတွက် မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်းလည်း စိတ်ချမ်းမြေ့စွာနဲ့ ပျော်ရွှင်မြူးထူးမှု ရရှိကြပါစေဆိုတဲ့ သရုပ်ဖော်ဖြစ်ပါတယ်။ ရွှေဝါရောင်နောက်ခံကတော့ နိုင်ငံတော်ရဲ့ မြေပေါ်မြေအောက် သယံဇာတများနှင့် ပြည့်စုံပြီး ချမ်းသာကြွယ်ဝခြင်းကို ဖော်ညွှန်းပါတယ်။ အနီရောင် အရွယ်တူ ကြယ် (၁၄) လုံးက တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခုသည် တန်းတူညီမျှ တစ်ပြေးညီရှိခြင်းကို ပြဆိုပါကြောင်း တင်ပြလိုက်ရပါတယ်ရှင်။

**လေးစားအပ်တဲ့ မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။**

**ကျေးဇူးတင်ပါတယ်ရှင်**

## “ဒီမိုကရက်တစ်ပါတီ-------------လာပြီ”

**တေးရေး-ကိုသက်(ဒီမိုကရက်တစ်) တေးဆို- ဒီမိုကရက်တစ် (အဖွဲ့သားများ)**

ငြိမ်းချမ်းရေးချိုးငှက်သံတွေဝေစည် ပြည်သူတွေအေးချမ်းစေဖို့ရာ ပေါင်းစုလို့လာပြီ တိုးတက်ဖို့ မြန်မာပြည်လာပြီ ဒီမိုကရက်တစ်ပါတီ မြန်မာပြည်

တိုင်းရင်းသားသွေးချင်းညီအစ်ကိုတွေ ဒီမိုကရေစီရရှိစေဖို့ရာ
အင်အားအပြည့်နဲ့လာပြီ အများအကျိုးအတွက် ပါတီလာပြီ
ဒီမိုကရက်တစ်ပါတီ မြန်မာပြည်
ပြည်သူတွေ လူတန်းစေ့နေဖို့ရာ မြင်နေပြီ ငြိမ်းချမ်းရေးရဲ့
ရောင်ခြည် အေးချမ်းတဲ့ နိမိတ်ဆောင်တဲ့ပါတီ
သမိုင်းတစ်ခေတ်အတွက် ဆန်းသစ်လာမယ့်ပါတီ
ခြေခံလွှာ လူတန်းစားပေါင်းစုံအတွက် ရှေးရှုလို့လာပြီ အကျိုးပြုမယ့်ပါတီ
လာပြီ ဒီမိုကရက်တစ်ပါတီ မြန်မာပြည်

# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ရှင်းလင်းဆွေးနွေး

**လှိုင်းဘွဲ့　　စက်တင်ဘာ　　၉**

နိုဝင်ဘာ ၈ ရက်၌ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးဆိုင်ရာ အစီအမံဆောင်ရွက်ထားခြင်းကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးက ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များကို တွေ့ဆုံရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မဲရုံအလိုက် လုံခြုံရေးအနီးကပ်စောင့်ရှောက်နိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် အထူးရဲများအပြင် အရန်ရဲများကိုလည်း စီစဉ်ထားပါကြောင်း၊ မဲရုံတာဝန်ရှိသူများက မဲပြားများကို ရေတွက်စိစစ်ပြီးသည်နှင့် ချိပ်ပိတ်မဲပြား၊ မဲစာရင်းများကို လုံခြုံရေးအနီးကပ်စောင့်ရှောက်၍ မြို့နယ်ကော်မရှင်ရုံးသို့ အဆင့်ဆင့်စည်းကမ်းနှင့်အညီ ပေးပို့သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**မိုးမိတ်　　စက်တင်ဘာ　　၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်အောင်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၌ ပါဝင်သောဌာနဆိုင်ရာများက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

# မိုးစပါးစိုက်တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးစပါး ၁၅သန်းနှင့် နွေစပါးဧက သုံးသန်းခန့် စိုက်ပျိုးပြီး စပါးတင်းသန်းပေါင်း ၁၃၄၇ တင်း ထွက်ရှိကာ ဆန်ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့ပင် ဆန်တင်ပို့ ရောင်းချနေသော နိုင်ငံတစ်ခုဖြစ်သည်။

၂။ ယခုနှစ်ဇူလိုင်နှင့်ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်လယ်မြေ ၁၅ သန်းကျော် ရှိသည့်အနက် ၇-၉-၂၀၁၅နေ့ထိ မိုးစပါး ၁၃၂၂၁၉၅ ဧကရေလွှမ်းခဲ့ပြီး ၁၂၉၁၄၆ ဧကပြန် လည်ပေါ်ပြီးဖြစ်သည်။၎င်းအနက် ၉၇၀၇၄၁ ဧက ထိခိုက်ခဲ့ပြီး ၇၄၆၆၄၅ ဧကပျက်စီးခဲ့ခြင်းကြောင့် ပျက်စီးမှုရာနှုန်း ၄ ဒသမ ၉ရာနှုန်း ရှိ၍ ပျက်စီးဧကများအား အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးလျက်ရှိရာ ၄၀၈၀၉၅ ဧကပြန်လည်စိုက်ပျိုးပြီးဆက်လက် စိုက်ပျိုးလျက်ရှိသည်။

၃။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအား မိုးစပါး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများ အသုံးပြု၍ လိုက်နာဆောင်ရွက်ရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အရန်ပျိုးများဖြင့်ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊

(ခ) သက်လတ်နှင့်သက်ကြီးစပါးမျိုးများကို သက်တမ်းရက် ၆၀အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊

(ဂ) သက်လျင်စပါးမျိုးဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊

(ဃ) သက်လျင်စပါးမျိုးဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊

(င) မပျက်စီးဘဲထိခိုက်သောစပါးခင်းများအားရေသွင်း၊ ရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့်ပုလဲဓာတ်မြေဩဇာ ၃ အချိုး ၁ဖြင့် ရောစပ်ထည့်သွင်းပေးခြင်း။

၄။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသောစပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့်သဘာဝ မြေဩဇာကို အချိုးညီအချိန်ကိုက်ထည့်သွင်းခြင်း၊ပိုးမွှားရောဂါကျရောက်မှု မရှိအောင် ကာကွယ်နှိမ်နင်းခြင်း ရေသွင်းရေထုတ်ဂရုပြုဆောင်ရွက်ခြင်း လုပ်ငန်းများကို အထူးဂရုပြု ဆောင်ရွက်ရန် လိုအပ်ပါသည်။

၅။ သို့ဖြစ်၍ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် အကူအညီများလိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိစိုက်ပျိုးရေးဦးစီးဌာန ဆည်မြောင်းဦးစီးဌာန စက်မှုလယ်ယာဦးစီးဌာနလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

၂၀၁၅-၂၀၁၆ ခုနှစ် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးသည့် မိုးစပါးဧရိယာများတွင် မိုးစပါးပြန်လည်အစားထိုးစိုက်ပျိုးပြီးစီးမှုအခြေအနေ

၇-၉-၂၀၁၅ ရက် အထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပျက်စီးဧက မိုးစပါး စိုက်ခင်း | ပြန်လည်အစားထိုးစိုက်ပျိုးပြီးအခြေအနေ | | | | | စိုက်ပျိုးပြီး |
|---|---|---|---|---|---|---|---|---|
| | | | အရန်ပျိုး | သားတက်ခွဲ | ပျိုးထောင်စိုက် | တိုက်ရိုက်မျိုးစေ့ချ | စုစုပေါင်း | ရာခိုင်နှုန်း |
| ၁ | ကချင် | ၁၂၇၉၁ | ၄၅၈၈ | | ၃၁၁ | ၂၃၁၃ | ၇၂၁၂ | ၅၆. ၃၈ |
| ၂ | ကယား | ၃၂ | | | | | | |
| ၃ | ကရင် | ၇၄ | | | ၇၄ | | ၇၄ | ၁၀၀. ၀၀ |
| ၄ | ချင်း | ၁၂၁၃ | | | | ၃၇၂ | ၃၇၂ | ၃၀. ၆၇ |
| ၅ | စစ်ကိုင်း | ၈၀၈၀၈ | ၂၅၄၇၂ | | ၃၈၀၉ | ၂၅၄၁၈ | ၅၄၆၉၉ | ၆၇. ၆၉ |
| ၆ | ပဲခူး | ၁၄၈၉၀၁ | ၉၂၅၁ | ၃၂၁၈၇ | ၂၁၀၉၇ | ၂၅၈၉၁ | ၈၈၄၂၆ | ၅၉. ၃၉ |
| ၇ | မကွေး | ၈၀၄၆ | | | ၁၃၄၄ | ၆၀၅၅ | ၇၃၉၉ | ၉၁. ၉၆ |
| ၈ | မန္တလေး | ၁၄ | | | ၅ | | ၅ | ၃၅. ၇၁ |
| ၉ | ရခိုင် | ၂၁၆၅၃၁ | | | ၁၀၀၉၄ | ၂၀၄၉၈၃ | ၂၁၅၀၇၇ | ၉၉. ၃၃ |
| ၁၀ | ရန်ကုန် | ၅၆၄၈၆ | ၁၆၇၇ | ၁၂၀၃ | ၃၆၆ | ၇၇၇၉ | ၁၁၀၂၅ | ၁၉. ၅၂ |
| ၁၁ | ရှမ်း | ၂၂၃၆ | ၁၀၇ | | ၁၁၂ | ၂၇ | ၄၄၆ | ၁၉. ၉၅ |
| ၁၂ | ဧရာဝတီ | ၂၀၈၈၉၅ | ၃၄၇၆ | ၄၆၆၅ | ၂၈၂ | ၉၅၄၃ | ၁၇၉၆၆ | ၈. ၆၀ |
| | စုစုပေါင်း | ၇၃၆၀၂၇ | ၄၄၅၇၁ | ၃၈၀၅၅ | ၃၇၆၉၄ | ၂၈၂၃၈၁ | ၄၀၂၇၀၁ | ၅၄.၇၁ |

(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

နိုင်ငံတကာသတင်း

# ပင်လယ်ဖြတ်ကူးဒုက္ခသည် ၈၅၀၀၀၀ အထိ ရှိလာမည်

**ကုလသမဂ္ဂ စက်တင်ဘာ ၉**

ယခုနှစ်နှင့် လာမည့်နှစ်တွင် မြေထဲပင်လယ်ကို ဖြတ်ကျော်၍ ဥရောပသို့ ဝင်ရောက်ခိုလှုံမည့် ဒုက္ခသည်အရေအတွက်မှာ ၈၅၀၀၀၀ ထက်မနည်းရှိနိုင်ကြောင်း ကုလသမဂ္ဂက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ တိုးပွားများပြားလာသော ဒုက္ခသည်များအား ပိုမိုထိန်းချုပ်မှုပြုလုပ်ရန်လိုအပ်လာကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ ယူအင်န်အိတ်ချ်စီအာရ်ကပြောသည်။

ဆီးရီးယားနှင့်အိမ်နီးချင်းနိုင်ငံများမှ ဒုက္ခသည်များသည် မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ ဝင်ရောက်ရန် ကြိုးစားလျက်ရှိရာ ရာပေါင်းများစွာတို့ ရေနစ်သေဆုံးခဲ့ရသည်ဟု ယူအင်န်အိတ်ချ်စီအာရ်က ပြောသည်။

၂၀၁၅ ခုနှစ်တွင် မြေထဲပင်လယ်ကိုဖြတ်၍ ဝင်ရောက်လာမည့်သူ ၄၀၀၀၀၀ ခန့်သည် နိုင်ငံတကာ အကာအကွယ်များရရှိရန် မျှော်လင့်ထားကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ ဝင်ရောက်ခိုလှုံသူ ၄၅၀၀၀၀ ရှိနိုင်ကြောင်း ယူအင်န်အိတ်ချ်စီအာရ် ကြေညာချက်တွင် ဖော်ပြသည်။

ယခုနှစ်တွင် ရေလမ်းကြောင်းမှတစ်ဆင့် ဥရောပသို့ဝင်ရောက်မည့်ဒုက္ခသည် ၃၆၆၀၀၀ ပြည့်ရန် နီးကပ်လာပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဝီလျံစပိုင်ဒါက ပြောသည်။ ရာသီဥတုမှာ ပို၍အေးလာပြီး အလွန်အန္တရာယ်များလာသည့်အတွက် ပင်လယ်ရေလမ်းကြောင်းကို ဖြတ်၍ဝင်ရောက်ခြင်းကို တားဆီးရမည်ဟု ဆိုသည်။ ယခုအထိ ဥရောပသို့ ခိုလှုံသူအရေအတွက်မှာ ကျဆင်းလာခြင်းမရှိဟုဆိုသည်။ တစ်နေ့တည်းပင် ယခင်ယူဂိုဆလပ်နိုင်ငံဟောင်း မက်ဆီဒိုးနီးယားနိုင်ငံသို့ ဆီးရီးယားဒုက္ခသည် ၇၀၀၀ ခန့် လာရောက်ခဲ့ကြောင်း၊ ထိုအတောအတွင်း ဂရိကျွန်းစုသို့ လူပေါင်း ၃၀၀၀၀ လာရောက်ခဲ့ကြောင်း ကုလသမဂ္ဂ စာရင်းဇယားများတွင် ဖော်ပြသည်။

(ရိုက်တာ)




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ဘိလပ်မြေ၊ သံချောင်း၊ ကျောက်မျိုးစုံ၊ မြစ်သဲများအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါအမှတ်(၂)** ၂၀၁၅-၂၀၁၆

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** ၁၀-၉-၂၀၁၅ ရက်

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်** ၂၈-၉-၂၀၁၅ ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** လက်ထောက်ညွှန်ကြားရေးမှူးရုံး၊လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဗန်းမော်မြို့ ဖုန်း-၀၇၄-၅၀၀၁၉ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ပညာဒါနအလှပြင်သင်တန်းကျောင်း

(Since 2002)

၁။ မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သည် ကုသိုလ်ဖြစ် ပညာဒါနသင်တန်းကျောင်း ဖြစ်ပါသည်။ (ဆိုင်ခွဲလုံးဝမရှိပါ)။ အချိန်ကာလ(၂)လတိတိသင်ကြားပေးပါသည်။ သင်ထောက်ကူပစ္စည်းများဝယ်စရာမလိုပါ။ သင်တန်းကျောင်းသီးသန့်ဖြစ်သောကြောင့် သင်တန်းသားများ၏ လိုအပ်ချက်များကို အချိန်ပြည့်ဖြည့်ဆည်းပေးနိုင်ပါသည်။

* ညှပ်နည်းအမျိုးမျိုး၊ Digital ကောက်နှင့်ကောက်နည်းမျိုးစုံ၊ ဖြောင့်ခြင်း၊ မျက်နှာ၊ ဆံပင် Spa-ကျစ်ဆံမြီး၊ ပွဲထိုင်ဆံထုံးများ၊ Body Art အခြားဘာသာရပ်၊ ဘာသာစုံ၊ မိတ်ကပ်၊ ဆံထုံး၊လက်သည်းပန်းချီ၊လက်သည်းနှင့်ပတ်သက်သောပညာရပ်များအားလုံး၊ 3D၊ ဖောင်းကြွမျက်တောင်စိုက်ခြင်း၊ ထိုင်းရိုးရာအကြောပိုင်းဆိုင်ရာပညာရပ်နှင့် အဆီချခြင်း၊ ပညာဒါနဖြင့် (၁သိန်းကျပ်)။ ဆိုင်ဖွင့်၊ အလုပ်လုပ်သူများနှင့် အဆောင်နေသူများ အတွက် ဆောင်ရွက်ပေးသည်။ အမျိုးသမီးသီးသန့်, အလုပ်အကိုင်ရှာပေးသည်။ ဂျပန်နိုင်ငံတွင် ၂၀၁၅ ဇူလိုင်လမှစ၍ထွက်ရှိလာသော (Lumi Deco Nail) လက်သဲ မီးလင်း ခြင်းပညာရပ်များကို သင်ကြားနိုင်ပါသည်။ တစ်ဦးတည်း၊ သီးသန့်သင်တန်းများ၊ နယ်မှလာသူများအတွက် (၁)လအပြတ်သင်တန်းများစီစဉ်ပေးသည်။

BONNY CARE (သင်တန်းကျောင်း) အမှတ် (B/12)၊ မြေညီထပ်၊ အနော်ရထာအိမ်ရာဝင်းအင်းစိန်လပ်းမပေါ်၊ လှည်းတန်းမှတ်တိုင်နောက်၊ကမာရွတ်မြို့နယ်

Ph : 09-5175088,09-421057760, 09-5039831

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၁။ ဆေးနှင့်ဆေးပစ္စည်းများ

၂။ ဓာတ်ခွဲခန်းသုံးပစ္စည်းများ

၃။ ဓာတ်မှန်ခန်းသုံးပစ္စည်းများ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၉-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁၀-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီထိ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဝယ်ယူမည့် ဆေးဝါး/ပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရေးကော်မတီ**
**မြောက်ဥက္ကလာပဆေးရုံကြီး**
**ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅**

### ပျောက်ဆုံးကြောင်း

မောင်အောင်မျိုးနိုင် ၁၂/ဗဟန(နိုင်)၁၀၂၈၃၈ ၏ လိုင်စင်အမှတ် B/၁၈၃၉၉ /၁၄သည် ၂၀၁၄ခုနှစ် ဩဂုတ်လတွင် ယာဉ်ထိန်းတပ်ဖွဲ့မှ ထောက်ခံချက်ရယူပြီး ၎င်းပြေစာမှာ ပျောက်ဆုံးသွားပါသဖြင့် ကောက်ရထားသူမှ ပြန်လည်ပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)

**ဖုန်း-၀၉-၉၇၀၄၉၁၀၁၆**

### ဖခင်အမည်မှန်

ပြည်မြို့နယ်၊ သဲကုန်းကျေးရွာအုပ်စု လက်ပံလှကျေးရွာ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်သက်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင် ၇/ပမန(နိုင်) ၁၁၉၇၉၆ ဖြစ်ပါသည်။ **ဦးထွန်းလွင်**
**၇/ပမန(နိုင်)၁၁၉၇၉၆**

### မသက်ဆိုင်တော့ပါကြောင်း

အဖ ဦးဇော်ဝင်း၏သမီးဖြစ်သူ ဒေါ်မျိုးမျိုးသင်း(၁၂/ဒပန(နိုင်)၀၅၃၇၇၁)နှင့် အဖ ဦးတင်ရွှေ၏သားဖြစ်သူ ဦးထွန်းထွန်းဝင်း(၁၂/ဒပန(နိုင်)၀၆၃၀၉၈)တို့သည် ကြော်ငြာပါသည့်နေ့မှစ၍ လုံးဝသက်ဆိုင် ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မျိုးမျိုးသင်း**

### ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇင် ၁၂/လမတ(နိုင်)၀၂၆၀၂၈ အမှတ်(၁၁၄၈)၊ စက်မှုလယ်ယာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဗိုလ်ချိုလမ်း၊ အမှတ်(၂၄၃)၊ မြေကွက်အကျယ်အဝန်းပေ(၄၀×၆၀)မြေအမျိုးအစား နှစ်(၆၀) ဂရန်မြေအမည်ပေါက် ဒေါ်ခင်အေးနွယ် ၁၂/မရက(နိုင်)၀၀၇၀၄၅ ကို မူလပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူများထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ထိုမြေကွက်များနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ- ဦးကျော်ဇင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ညွှန့် (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၅၆၃၂)**
**အမှတ်(၁၅၈/၁၆၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၈၁၇၅၅၊ ၀၉-၅၁၇၅၁၃၁**

## တစ်ချက်တည်းကျင်းဝင်

မြစ်ကြီးနားမြို့ Northem Star Golf Club၌ ဗိုလ်မှူးသန့်ဇင်သည် ၈-၉-၂၀၁၅ရက် ညနေ ၄း၄၅နာရီတွင် ပထမကွင်းပတ်အမှတ် (၂) ကျင်းကိုက် ၁၂၀အား Pw Taylormadeတုတ်ဖြင့် Titleist 3 ဘောလုံးအား ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ပါသည်။

၎င်းနှင့်အတူ ကစားဖော်များမှာ ဗိုလ်မှူးကြီး သူရမျိုးတင်၊ ဗိုလ်မှူးကြီး ဇော်မြင့်ကို၊ ရဲမှူးကြီးချစ်ဦးနှင့် ဦးဝင်းလွင်တို့ ဖြစ်ကြပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့နယ်၊ အက်တောကျေးရွာနေ ကျွန်တော် ဦးပေညွှန့် ၅/မရန(နိုင်)၀၆၉၂၁၂ ၏ သား မောင်ဗိုလ်ထွန်း ၅/မရန(နိုင်)၀၀၈၈၆၄ သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် မောင်ဗိုလ်ထွန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းသည် ကျွန်တော်တို့မိသားစုနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးပေညွှန့်၊ ၅/မရန(နိုင်)၀၆၉၂၁၂**
**အက်တောကျေးရွာ၊ မုံရွာမြို့နယ်**

# ပျောက်ဆုံးအမျိုးသမီးငယ်လေးဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် စက်တင်ဘာ ၉**

စက်တင်ဘာ ၇ ရက် ည ၉ နာရီ ၁၀ မိနစ် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လှိုင်သာယာမြို့မရဲစခန်းသို့ လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဒေါ်သိန်းငွေး(၄၈ နှစ်)ရောက်ရှိလာပြီး အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသော ၎င်း၏သမီးဖြစ်သူ မမေယုယစိုး(၁၆ နှစ်)နှင့် သူငယ်ချင်းများဖြစ်သည့် မသက်ဖြူဖြူမြင့်(၁၄ နှစ်)၊ မအေးအေးဖြိုး(၁၃ နှစ်)နှင့် မနော်ဆာကပေါဖာ(၁၆ နှစ်)တို့ လေးဦးသည် စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီက အချိန်ပို ကျောင်းတက်ရန် သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း လာရောက်အကြောင်းကြားသဖြင့် လှိုင်သာယာမြို့မရဲစခန်းက လူပျောက်အမှတ်စဉ်(၁၂/၂၀၁၅)ဖြင့် အမှုဖွင့်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရဲတပ်ဖွဲ့စခန်းများသို့ လူပျောက်ကြော်ငြာများ ပေးပို့ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က အဆိုပါအမျိုးသမီးငယ် လေးဦးသည် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ Jade City ဟိုတယ်၌ ရောက်ရှိတည်းခိုနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(နေပြည်တော်)မှ တပ်ဖွဲ့ဝင်များနှင့် ဘုရားကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စုံစမ်းရာ မမေယုယစိုးပါ လေးဦးအား တွေ့ရှိရသဖြင့် ဘုရားကုန်းမြို့မရဲစခန်းသို့ ခေါ်ယူစောင့်ရှောက်ထားခဲ့ပြီး ၎င်းတို့၏ မိဘများအား ဆက်သွယ်အကြောင်းကြားကာ ညနေ ၄ နာရီတွင် ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ သက်သေများရှေ့၌ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

အဆိုပါတံတားသစ်၏ ယာဉ်သွားလမ်းအကျယ်မှာ ၈ ဒသမ ၆ မီတာရှိပြီး နှစ်လမ်းသွားမောင်းနှင်၍ရမည်ဖြစ်ကာ တံတား၏ ဝဲ/ယာဘေးတစ်ဖက်တစ်ချက်စီ၌ လူသွားလမ်းအကျယ် နှစ်မီတာစီပါဝင်ကြောင်း သိရသည်။ မော်တော်ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅တန်ရှိပြီး ရေလမ်းကင်းလွတ် အကျယ်မီတာ ၁၀၀ ရှိကာ ရေလမ်းကင်းလွတ်အမြင့်ကို အမြင့်ဆုံးရေအမှတ်မှ ၅ ဒသမ ၉၉ မီတာ ဆောင်ရွက်ထားရှိသည်။ ပင်မတံတားအရှည်မှာ မီတာ၂၄၀ ရှိပြီး ချဉ်းကပ်တံတားအရှည်မှာ သုဝဏ္ဏကမ်း၌ မီတာ ၃၀ ရှိကာ သာကေတဘက်ကမ်း၌ မီတာ ၉၀ ရှိပြီး စုစုပေါင်း တံတားအရှည်မီတာ ၃၆၀ ရှိသည်။

တံတားအမျိုးအစား(ပင်မတံတား)၏ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ ဘိုးပိုင်အမျိုးအစားဖြစ်၍ တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတား၏ တံတားအုတ်မြစ်နှင့် အောက်ထည်မှာလည်း ဘိုးပိုင်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ Steel Box Girderအမျိုးအစားဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ တံတားတည်ဆောက်ရန်အတွက် စီမံကိန်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်က စတင်ခဲ့ကြောင်း သိရသည်။

ကမာရွတ်မြို့နယ်နေ အငှားယာဉ်မောင်း ကိုညီညီက “အရင်တုန်းက တံတားဟောင်းပေါ်မှာ ကားကလည်း နှစ်စီးစာပဲသွားလို့ရတဲ့အတွက် ဘယ်လိုမှအဆင်မပြေပါဘူး။ အခု ဟိုဘက်၊ ဒီဘက် လေးစီးတစ်ပြိုင်တည်းမောင်းလို့ရတော့ အလွန်အဆင်ပြေသွားပါပြီ” ဟု ပြောသည်။

## တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ပြည့်ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၌ မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**အရာတော် စက်တင်ဘာ ၉**

စားသောက်ကုန်ထုတ်လုပ်မှုနှင့် စားသုံးသီးနှံစိုက်ပျိုးမှုအပေါ် စားသုံးနေကြသော ပြည်သူများသိရှိနားလည်စေရန် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာခရိုင် အရာတော်မြို့နယ် ရဲချင်းကျေးရွာအုပ်စုနှင့် မကျီးကန်ကျေးရွာ အုပ်စုများရှိ အခြေခံပညာကျောင်းခန်းမဆောင်၌ စက်တင်ဘာ ၇ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူးက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ စစ်ကိုင်းခရိုင်တာဝန်ခံက အရောင်ဆိုးဆေးအသုံးပြုထုတ်လုပ်ထားသော ငါးပိ၊ ငါးခြောက်၊ မှုစ်၊ ဟင်းခတ်အမွှေးအကြိုင်၊ ငရုတ်မှုန့်၊ အရောင်တင်စသည်များ စားသုံးခြင်းမှ ဖြစ်ပေါ်လာနိုင်သော ရောဂါအကြောင်းအရာများကိုလည်းကောင်း၊ စစ်ကိုင်းခရိုင် တာဝန်ခံက အရက်၊ ဘီယာ၊ ကွမ်းစားသုံးခြင်းကြောင့် ခံစားရမည့် ရောဂါဝေဒနာများကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ရဲချင်းကျေးရွာနှင့် မကျီးကန်ကျေးရွာရှိ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ ကျောင်းဈေးသည်များအား စားသုံးသူ ကာကွယ်ရေးဥပဒေအရ ကာကွယ်ပေးနေကြောင်း ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆွဲကြိုးဖြတ်လုယက်မှုဖြစ်ပွား

**ရေတာရှည် စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၄) ရပ်ကွက် အလက(ခွဲ) ကျောင်းရှေ့၌ ဆွဲကြိုးဖြတ်လုယက်မှုတစ်ခု စက်တင်ဘာ ၈ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာဆရာမ ဒေါ်မမလေးသည် ကျောင်းဆင်းပြီး အမှတ်(၄) ရပ်ကွက်ရှိနေအိမ်သို့ လမ်းလျှောက်ပြန်လာရာ ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဆိုင်ကယ်စီးနင်းလာသူက ဆွဲကြိုးဖြတ်ကာ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆွဲကြိုးဖြတ်လုယူသွားသူကို ရေတာရှည်မြို့မရဲစခန်းက စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့်ဘိန်းဖြူ ဖမ်းဆီးရမိ

**မဘိမ်း စက်တင်ဘာ ၉**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာအုပ်စု ရမ်းဘိုကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀ နှင့် ဘိန်းဖြူ ၆၉ ဂရမ်တို့ကို စက်တင်ဘာ ၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရမ်းဘိုကျေးရွာ ရမ်းဘိုရွာတောင်ဘက်ခြမ်းတွင် အခြေပြုနေသော ဗိုလ်ကြီး သက်ပိုင်ဖြိုး ဦးစီးရုံးခွဲ(၁)စုသည် အေးမင်းဝင်းနှင့် ကျော်ဖိုးတို့ မောင်းနှင်လာသောဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်အတွင်းမှ ဘိန်းဖြူ ၆၉ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀ တို့ကို သိမ်းဆည်းရမိသည်။ ကွင်းဆက်စစ်ဆေးဖော်ထုတ်မှုအရ မူးယစ်ဆေးဝါးများအား အိုက်ဦးနှင့် အိုက်စံတို့ထံမှ ငွေကျပ်သိန်း ၂၀ ဖြင့် ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ဆက်လက်ရှာဖွေရာ ၎င်းတို့အား ရမ်းဘိုရွာအတွင်း၌ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ လေးဦးအား မဘိမ်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သုံးဘီးဆိုင်ကယ်နှင့်ဆိုင်ကယ်တို့တိုက်မိ

**ပေါင်းတည် စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ ရန်ကုန်-ပြည်လမ်းအထွက် စက်တင်ဘာ ၈ ရက်က သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိကြောင်း သိရသည်။ ဖြစ်စဉ်မှာ ပြည်ဘက်မှ မောင်းနှင်လာသော သူရအောင် ဆိုင်ကယ်နှင့် ပေါင်းတည်ဘက်မှ ဦးခင်အေး မောင်းနှင်လာသော သုံးဘီးဆိုင်ကယ်တို့တိုက်မိရာ သုံးဘီးဆိုင်ကယ်တွင် လိုက်ပါလာသူ မောင်မြတ်သူနှင့် ဆိုင်ကယ်မောင်းနှင်သူ သူရအောင်တို့ ဒဏ်ရာများရရှိသောကြောင့် ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**






## အငြိမ်းစားဥပဒေအရာရှိများတွေ့ဆုံပွဲနှင့် သက်ကြီးဆရာများအား ဂါရဝပြုပွဲသို့ ဖိတ်ကြားခြင်း

ရှေ့နေချုပ်ရုံးနှင့်ဥပဒေရုံးအသီးသီး၌ ဥပဒေအရာရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ နံနက်စာသုံးဆောင်ရင်း ပြန်လည်တွေ့ဆုံ၍ သက်ကြီးဆရာသမားများအား ဂါရဝပြုနိုင်ကြရန် ဖိတ်ကြားအပ်ပါသည်။

**ရက်** - ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀နာရီ
**နေရာ** - M3 စားသောက်ဆိုင်၊ ဗဟန်းအားကစားဝင်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**အလုပ်အမှုဆောင်အဖွဲ့**
**အငြိမ်းစားဥပဒေအရာရှိများအသင်း(ယာယီ)**

## အမည်မှန်

ဦးသန့်ဇော်၏သမီး၊ မုံရွာမြို့၊ MILA & မြင့်မြတ်ကိုယ်ပိုင် အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မသော်ဇင်ထွဋ်၏ အမည်မှန်မှာ မခြူးခြူးဟန်သီဖြစ်ပါသည်။

**မခြူးခြူးဟန်သီ**

## ဖခင်အမည်မှန်

သံဖြူဇရပ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(က)မှ မောင်ခန့်အာကာဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၁၀/သဖရ(နိုင်)၀၁၀၈၈၁ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ဦး**

## အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ စက်မှုကွက်သစ်၊ အကွက်အမှတ် (၁၆၈)၊ အိမ်အမှတ် (၃၈)၊ ယခင်ငြိမ်းချမ်းလေးထမင်းဆိုင်သည် ဦးကိုကိုအေး (ကွယ်လွန်) ဒေါ်ခင်ရွှေ (ကွယ်လွန်)တို့၏ သားသမီးများဖြစ်ကြသော မစမ်းစမ်းအေး၊ မနီနီအေး၊ မောင်မင်းမင်းထက် (ကွယ်လွန်)၊ မလှိုင်းအိဖြူတို့မှ စုပေါင်းပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်မှာ ဝယ်ယူခဲ့စဉ်က မြေပေးအမိန့်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ဦးစံထွေးဆိုသူထံမှ တရားဝင်ဝယ်ယူခဲ့ပါသည်။ ဝယ်ယူခဲ့ပြီးနောက် နေအိမ်မှာ မီးလောင်ခဲ့သဖြင့် မြေပေးအမိန့်အား အသစ်ထပ်မံပြုလုပ်ခြင်းခဲ့ခြင်းမရှိပါ။ အဆိုပါအချက်များကို အခွင့်ကောင်းယူ၍ ယောက်မဖြစ်သူ မောင်မင်းမင်းထက်(ကွယ်လွန်)၏ဇနီး နန်းခမ်းမွန်(ခ)အေခမ်းသည် မူလပိုင်ရှင်မောင်နှမများမသိရှိဘဲ စီတာပူရပ်ကွက်၊ စက်မှုမြို့သစ်ရပ်ကွက်ရုံးများ မူလပိုင်ရှင် ဦးဝင်းမြင့် (ယုဇနရပ်ကွက်) တို့ထံတွင် ထောက်ခံစာများ လိမ်လည်ရယူ၍ မြို့နယ်မြေစာရင်းရုံးမှ မြေပေးမိန့်ရရှိအောင် လိမ်လည်ထုတ်ယူပြီး ၄င်းမြေပေးမိန့်ဖြင့် လိုက်လံရောင်းချ/ပေါင်နှံနေကြောင်း သိရှိရပါသည်။ မြေပေးမိန့် လိမ်လည်ထုတ်ယူခဲ့သော ယောက်မတော်စပ်သူ မအေခမ်းမှ မိသားစုဝင်များထံ တစ်ပတ်အတွင်း လာရောက်ရှင်းလင်းရန်နှင့် ရှင်းလင်းနိုင်ခြင်းမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရောင်းချ/ ပေါင်နှံမှုအား လက်ခံသူများအား မိသားစုဝင်များဖြစ်သော မစမ်းစမ်းအေး၊ မနီနီအေး၊ မလှိုင်းအိဖြူတို့မှ လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနီနီအေး၊ မစမ်းစမ်းအေး၊ မလှိုင်းအိဖြူ**
**ဖုန်း-၀၉-၇၉၉၀၄၃၄၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၆၅၀၀၃ လော်ဂျားယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၉/မကန(နိုင်)၀၉၁၉၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/5716 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/7530 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား(၁)ချပ်ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၅၉၁၈၉ Honda Wave NF-100 ယာဉ်လက်ဝယ်ရှိသူ Asia Machinery Trading Co.,Ltd. က (ကမ-၃)ပျောက်၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး (မကွေး)**

# ကျေးရွာသမဝါယမအသင်းများသို့ လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်

**မုံရွာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာသမဝါယမအသင်းများမှ အသင်းဝင်တောင်သူလယ်သမားများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူထောက်ပံ့ပေးသော လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲကို မုံရွာမြို့ ကျောက်ကာလမ်းရှိ မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

"လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနေပြီး ကျွန်တော်တို့ တောင်သူတွေအနေနဲ့ လယ်ယာသုံးစက်ပစ္စည်းတွေ ဝယ်ယူဖို့အတွက် ငွေကြေးအခက်အခဲတွေ ဖြစ်နေချိန်မှာ အခုလို လက်တွန်းထွန်စက်တွေ ဖြန့်ဝေပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်"ဟု တွင်းအောက်တောင်းစိုက်ပျိုးထုတ်လုပ်ရေးအသင်းမှ အသင်းသား ဦးမောင်ပန်က ပြောသည်။

လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ကျေးရွာသမဝါယမအသင်းစုများသို့ လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် ဝန်ကြီးတို့က ကသာ၊ မော်လိုက်၊ ခန္တီးနှင့် တမူးခရိုင်များရှိ ကျေးရွာသမဝါယမအသင်းများမှ ကိုယ်စားလှယ်များထံသို့ လက်တွန်းထွန်စက်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် သမဝါယမ အသင်းစုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။




စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့် လွှဲပြောင်းပေးအပ်သော လက်တွန်းထွန်စက်များကို ကသာခရိုင်အတွင်းရှိ ကသာ၊ ထီးချိုင့်နှင့် ကောလင်းမြို့နယ်များသို့ သုံးစီး၊ ကလေးခရိုင်အတွင်းရှိ ကလေးနှင့် ကလေးဝမြို့နယ်များသို့ နှစ်စီး၊ တမူးခရိုင်အတွင်းရှိ တမူးမြို့နယ်သို့ တစ်စီး၊ မော်လိုက်ခရိုင်အတွင်းရှိ မော်လိုက်နှင့် ဖောင်းပြင် မြို့နယ်များသို့ နှစ်စီး၊ ခန္တီးခရိုင်အတွင်းရှိ ခန္တီး၊ ဟုမ္မလင်းမြို့နယ်များသို့ နှစ်စီး ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




# အဆင့်မြင့်စက်မှုလယ်ယာ ဧက ၃၀၀၀ ၌ မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ အဆင့်မြင့် စက်မှုလယ်ယာ ဧက ၃၀၀၀ ၌ ၂၀၁၅-၂၀၁၆ မိုးစပါးရာသီ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းများကို စက်တင်ဘာ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်မှုကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ပြီး မျိုးစေ့ထုတ်လုပ်ငန်း အမလိုင်းပြောင်းရွှေ့စိုက်ပျိုးရာတွင် ပန်းပွင့်ချိန်ကိုက်ညီအောင် ဆောင်ရွက်ရမည့် နည်းပညာဆိုင်ရာများကို စိုက်ကွင်းတာဝန်ခံဝန်ထမ်းများအား ရှင်းလင်းမှာကြားခဲ့သည်။

မျိုးစေ့ထုတ် စိုက်ပျိုးမှုကို မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ ရွှေတောင်သုတေသနနှင့် မျိုးပွားခြံတွင် ၄၅၂ ဧက၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ပိတောက် ခင်းကျေးရွာတွင် ၂၂၂ ဧက၊ ဇီးကုန်းမြို့နယ်တွင် ၃၉ ဧက၊ မကွေးတိုင်းဒေသကြီးတွင် ၂၀ ဧကနှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များတွင်လည်း ၁၀၆၀ ဧကတွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း တစ်ဧကမှ ထွက်ရှိသည့် မျိုးစပါးသည် ဧက ၁၀၀ စာအတွက် မျိုးစေ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်းနှင့် ယခုထုတ်လုပ်ထားသော မျိုးစေ့များကို လာမည့် နွေစပါးစိုက်ရာသီ၌ နိုင်ငံတစ်ဝန်းရှိ တောင်သူများ၏ နွေစပါးဧက တစ်သိန်းကျော် စိုက်ပျိုးရန် ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တရမြေ)**

## သတင်းတို

### မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် စုပေါင်းမြေဩဇာကြဲပက်

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ အထက်ကဇိုင်းကျေးရွာ၌ မိုးစပါးအထွက်နှုန်း တိုးတက်ရေးအတွက် မိုးစပါးစိုက်တောင်သူ ၁၀ ဦး၏ လယ်မြေ ၂၅ ဧကတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်၍ စုပေါင်းကြဲပက်ပွဲကို စက်တင်ဘာ ၅ ရက်က ပြုလုပ်ခဲ့ရာ အထက်ကဇိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများအား ကမမောင်းစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကြည်ဝင်းက တစ်ဧက စပါးအထွက်နှုန်းတိုးတက်ရေးအတွက် မြေဩဇာအချိုးကျရောစပ်သုံးစွဲနည်းများကို ပညာပေးဟောပြောခဲ့ပြီး ဒေသခံတောင်သူလယ်သမားများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ စုပေါင်း၍ မြေဩဇာကြဲပက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# တီးတိန်မြို့နယ် သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်းပေး




**ရိခေါဒါရ် စက်တင်ဘာ ၉**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ဌာနဆိုင်ရာများ၏ စီစဉ်ဦးဆောင်မှုဖြင့် သဘာဝဘေးသင့် ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် အလှူခံဌာနကို ဩဂုတ်လအတွင်း ဌာနဆိုင်ရာနှင့် ရပ်ကွက်လူငယ်များပူးပေါင်း၍ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ တီးတိန်မြို့နယ် သဘာဝဘေးသင့်ပြည်သူများအား စက်တင်ဘာ ၆ ရက်က ထောက်ပံ့ပစ္စည်းများလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါအလှူခံဌာနသို့ ဌာနဆိုင်ရာများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများမှ ပေးအပ်လှူဒါန်းသည့် ဆန်အိတ် ၆၀ နှင့် အလှူငွေကျပ် ငါးသိန်းကို တီးတိန်မြို့ရှိ ကယ်ဆယ်ရေးစခန်းအမှတ်(၁)သို့ ရိခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလာလ်ပက်လောမ်တို့နှင့်အတူ ရပ်ကွက်လူငယ်ခေါင်းဆောင်များက သွားရောက်ပေးပို့လှူဒါန်းရာ အလှူပစ္စည်းများအား တီးတိန်မြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးကော်မတီက လက်ခံယူသည်။

တီးတိန်မြို့တွင် ဖွင့်လှစ်ချထားသည့် ကယ်ဆယ်ရေးစခန်းများတွင် လက်ရှိအခြေအနေ၌ မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ အိမ်ထောင်စုပေါင်း ၇၈စု၊ လူဦးရေပေါင်း ၄၈၆ ဦးရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးစာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**ရိခေါဒါရ် စက်တင်ဘာ ၉**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ရိခေါဒါရ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

"အခုလိုမျိုး ပြိုင်ပွဲကျင်းပပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့ ကျောင်းသားလူငယ်တွေအနေနဲ့ လူကုန်ကူးမှု အန္တရာယ်တွေနဲ့ ဆိုးကျိုးတွေသိရှိနားလည်ပြီး သတိပြုစေနိုင်ဖို့အတွက်ရယ်၊ စာစီစာကုံးနဲ့ ပန်းချီပြိုင်ပွဲတွေမှာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် စူးစမ်းလေ့လာလိုစိတ်၊ ပတ်ဝန်းကျင်အခြေအနေတွေကို အကဲခတ်သတိပြုဆင်ခြင်နိုင်ဖို့ရယ်၊ သင်ကြားရေးပိုင်းနဲ့ စာဖတ်ရှိန်မြှင့်တင်ပေးဖို့ရယ် အဓိကရည်ရွယ်ပြီး ကျင်းပတာဖြစ်ပါတယ်" ဟု ရိခေါဒါရ်မြို့ ပြန်/ဆက် ဦးစီးဌာနမှူးက ပြောသည်။

ပြိုင်ပွဲများတွင် ကျောင်းသားကျောင်းသူ ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူ ကိုးဦးနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**



# ငါ့သရောက်-ကုလားတဲ-လက်ပံခြေပေါ်လမ်းကို ကျောက်ချောလမ်းအဆင့် တိုးမြှင့်

**ငါ့သရောက် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်း ကျေးလက်ကုန်ထုတ်လမ်းများဖြစ်သည့် မြေသားလမ်းများကို သွားလာရေး လွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်လာစေရန် ရည်ရွယ်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းဟောင်းများပြုပြင်ခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ အရှည် ၁၀ မိုင် ၄ ဖာလုံရှိ ငါ့သရောက်-ကုလားတဲ-လက်ပံခြေပေါ်လမ်းကိုလည်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါ့သရောက်-ကုလားတဲ-လက်ပံခြေပေါ်လမ်းကိုလည်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန်အတွက် လမ်းအူကြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယခုနှစ်တွင် ခွင့်ပြုငွေ ကျပ် ၂၈၈ ဒသမ ၆၆၉ သိန်းဖြင့် လမ်းအရှည် ၅ မိုင်ခန့်အထိ ကျောက်ချောလမ်းအဆင့် တိုးမြှင့်ခြင်းကို ကနဦး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လမ်းအရှည် ၁၀ မိုင် ၄ ဖာလုံအတွက် လမ်းအူကြောင်းဖောက်လုပ်ခြင်းနှင့် ကနဦးလမ်းအရှည် ၅ မိုင် ကျောက်ချောလမ်းခင်းခြင်းကို တင်ဒါအောင်မြင်သည့် သစ္စာခိုင်ကုမ္ပဏီမှ ဆောင်ရွက်နေခြင်းဖြစ်ပြီး ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လမ်းအူကြောင်းဖောက်လုပ်သည့်လုပ်ငန်းများ ပြီးစီးနေပြီး ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းအတွက် ကျောက်ရိုးစီခြင်းကို ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကိုကျော်သက်ထံမှ သိရသည်။

**ရဲဝင်းနိုင်(iprd)**

# မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်း

**မော်တော်ယာဉ်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၅၅။)**
**၁၃၇၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၁၅ ခုနှစ် ၊ စက်တင်ဘာလ ၇ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုမော်တော်ယာဉ်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကိုဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်။

(ဂ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သော ဘီးတပ်ယာဉ်ကိုဆိုသည်။

(ဃ) **နောက်တွဲယာဉ်** ဆိုသည်မှာ မော်တော်ယာဉ်ဖြင့် ဆွဲသည့် ဘီးတပ်ယာဉ်ကို ဆိုသည်။

(င) **လိုင်စင်ထုတ်ပေးသူအရာရှိ** ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်ထုတ်ပေးရန် ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကိုဆိုသည်။

(စ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မော်တော်ယာဉ်များကို မှတ်ပုံတင်ရန်ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဆ) **မော်တော်ယာဉ်မှတ်ပုံတင်အထောက်အထား** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၏ အချက်အလက်များ ပါဝင်သော မော်တော်ယာဉ် မှတ်ပုံတင်ထားသူကို ထုတ်ပေးသည့် မှတ်တမ်းအထောက်အထားကိုဆိုသည်။

(ဇ) **မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်** ဆိုသည်မှာ မော်တော်ယာဉ်ကိုမှတ်ပုံတင်ထားရှိကြောင်းနှင့် အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထားသက်သေခံလက်မှတ်ကို ဆိုသည်။

(ဈ) **မော်တော်ယာဉ်မှတ်ပုံတင်သူ** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြထားသူကို ဆိုသည်။

(ည) **မော်တော်ယာဉ်ပိုင်ရှင်** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူ သို့မဟုတ်မော်တော်ယာဉ်လက်ရှိ ဖြစ်သူသည် အရွယ်မရောက်သေးသူဖြစ်လျှင်အဆိုပါအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ သို့မဟုတ် သဘောတူစာချုပ်အရ အဆိုပါ မော်တော်ယာဉ်ကို လက်ရှိဖြစ်သူတို့ကို ဆိုသည်။

(ဋ) **မော်တော်ယာဉ်အတွက် တာဝန်ရှိသူ** ဆိုသည်မှာ မော်တော်ယာဉ် မှတ်ပုံတင်သူ သို့မဟုတ် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန်ယူဆောင်ရွက်သူကို ဆိုသည်။

(ဌ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်** ဆိုသည်မှာ လူ သို့မဟုတ် ကုန်စည်ကို အဖိုးအခရယူ၍သယ်ယူပို့ဆောင်သော မော်တော်ယာဉ်ကိုဆိုသည်။

(ဍ) **မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း** ဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ဘောင်၊ ဝင်ရိုး၊ မောင်းနှင်တံ အထိုင်စနစ်ကို ဆိုသည်။

(ဎ) **ဝန်တင်အား** ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန် သို့မဟုတ် ခရီးသည်အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့်ခရီးသည် အရေအတွက် စုစုပေါင်းကိုဆိုသည်။

(ဏ) **မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း** ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့်ရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းကဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(တ) **မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း** ဆိုသည်မှာ မော်တော်ယာဉ်ကို အရောင်းပြခန်းများ ဖွင့်လှစ်၍ဖြစ်စေ၊ သိုလှောင်၍ဖြစ်စေ ရောင်းချခြင်းကို ဆိုသည်။

(ထ) **ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်** ဆိုသည်မှာ ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်မော်တော်ယာဉ်ကိုစစ်ဆေး၍ မော်တော်ယာဉ် ကြံ့ခိုင်မှုရှိကြောင်း ထုတ်ပေးသောအထောက်အထား သက်သေခံ လက်မှတ်ကိုဆိုသည်။

(ဒ) **မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား** ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကိုဖော်ပြလျက်မော်တော်ယာဉ်၏ အရှေ့နှင့်အနောက်တွင် တပ်ဆင်အသုံးပြုရန် ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကိုဆိုသည်။

(ဓ) **အများပြည်သူဆိုင်ရာနေရာ** ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသော နေရာ၊ လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်နှင့်လမ်းကြောင်းတို့ကို ဆိုသည်။

(န) လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများဆိုသည်မှာ မော်တော်ယာဉ်မောင်းသူများ အပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အချက်ပြ အညွှန်း၊ အမှတ်အသားနှင့် အချက်ပြကိရိယာများကိုဆိုသည်။

(ပ) **ယာဉ်မောင်းလိုင်စင်** ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက သီးခြားဖော်ပြထားသူအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုတွင် ပါဝင်သောမော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် စာတမ်းအမှတ်အသားကိုဆိုသည်။

(ဖ) **ယာဉ်အကူလက်မှတ်** ဆိုသည်မှာ ခရီးသည်တင် မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင်မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူနှင့်ခရီးသည်များကို ကူညီဆောင်ရွက်သူကို ထုတ်ပေးသည့် စာတမ်းအမှတ်အသားကိုဆိုသည်။

(ဗ) **မော်တော်ယာဉ်နှင့်စပ်လျဉ်းသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး** ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့်အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ်များကိုအများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့်အရည်အချင်းများ ပြည့်မီမှုရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများသွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ကာကွယ်ဆောင်ရွက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေးဆောင်ရွက်ရန်။

## အခန်း(၃)
## မော်တော်ယာဉ်မှတ်ပုံတင်ခြင်း

၄။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ထားရှိရမည်။

၅။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင်ထားရှိရမည်။

၆။ မည်သည့်မော်တော်ယာဉ်မဆို စက်ချွတ်ယွင်းနေလျှင်ဖြစ်စေ၊ ပုဒ်မ ၅ ပါ လိုအပ်ချက်များနှင့်သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်သော်လည်းကောင်း မညီညွတ်လျှင်ဖြစ်စေ၊ လျှောက်ထားသူက ယင်းမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးသည့် အကြောင်းအရာများကို ဖော်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် ယင်းမော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုရ။

၇။ ဦးစီးဌာနသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းချက်များသတ်မှတ်ရမည်။ ထို့ပြင် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်း၊ အခြားမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသော စည်းကမ်းချက်များကိုလည်း သတ်မှတ်ရမည်။

၈။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်ပေးရန်လည်းကောင်း၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသားထုတ်ပေးရန် လည်းကောင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ဤပုဒ်မအရ ပြုလုပ်သည့်ယာယီမှတ်ပုံတင်ခြင်းမှာ သုံးလထက်မပိုသော ကာလအပိုင်းအခြားအတွက်သာ အတည်ဖြစ်စေရမည်။ ယင်းသို့ ယာယီမှတ်ပုံတင်ခြင်းကို အသစ်တစ်ဖန် ပြုလုပ်ခွင့် မရှိစေရ။

၉။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည်တည်ဆောက်မှုပုံသဏ္ဌာန်နှင့်ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၁၀။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ ဆောင်ရွက်လိုလျှင် မှတ်ပုံတင်အရာရှိထံ ကြိုတင်လျှောက်ထားရမည်။

၁၁။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရမည်။

၁၂။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ၊ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်သူ အမည်ပြောင်းလဲရေး ဆောင်ရွက်ရမည်။

၁၃။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် နေရပ်လိပ်စာ ပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၄။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

( ခ) ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ ပါကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

၁၅။ မည်သည့် မော်တော်ယာဉ်ပိုင်ရှင်မျှ မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ မပြုရ။

၁၆။ ဝန်ကြီးဌာနသည်မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းကို သတ်မှတ်ပေးရမည်။

## အခန်း(၄)
## မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း

၁၇။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကိုခေတ္တရပ်စဲနိုင်သည်-

(က) မော်တော်ယာဉ်တွင် အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချွတ်ယွင်းချက်တစ်ခုခုကို စစ်ဆေးတွေ့ရှိခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်မှတ်ပုံတင်သူကို ဆင့်ခေါ်ရာတွင်ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လာရောက်ရန်ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းကို ပြောင်းလဲပြင်ဆင်ခြင်း၊

(ဃ) သက်ဆိုင်ရာဌာန သို့မဟုတ် မော်တော်ယာဉ်နှင့်သက်ဆိုင်သူက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း၊

(င) တစ်ဦးတစ်ယောက်က မော်တော်ယာဉ်သည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် ပတ်ဝန်းကျင် ထိခိုက်မှုရှိကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၁၈။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ဖြစ်ပွားလျှင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်-

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍ မရနိုင်သည်အထိပျက်စီးခြင်း၊

(ခ) မော်တော်ယာဉ်ကိုမြန်မာနိုင်ငံပြင်ပသို့အပြီးအပိုင်ယူဆောင်သွားခြင်း၊

(ဂ) မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် အသစ်လဲလှယ်ရန် တစ်ဆက်တည်း ငါးနှစ် ပျက်ကွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနမှ သတ်မှတ်သည့် မော်တော်ယာဉ်သက်တမ်း ကျော်လွန်ခြင်း၊

(င) ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်အမျိုးအမည်၊ ခုနှစ်ပုံစံ၊ ခွင့်ပြု၍မရသော ပုံစံအနေအထား၊ ကိုယ်ထည်ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(စ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မှတ်ပုံတင်သူက အထောက်အထား ခိုင်လုံစွာဖြင့်လျှောက်ထားခြင်း။

၁၉။ (က) မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့် မပြု၍သော်လည်းကောင်း၊ ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်ထုတ်မပေး၍သော်လည်းကောင်း ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၁၄ အရငြင်းဆိုသည့် အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၈ အရ ခေတ္တရပ်စဲသည့် သို့မဟုတ် ဖျက်သိမ်းသည့် အမိန့်ကြောင့်ဖြစ်စေ နစ်နာသည့် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးဦးသည် အဆိုပါ အမိန့်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက် ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့် အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနကချမှတ်သည့်ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၅)
## မော်တော်ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်နှင့် သင်တန်းကျောင်း လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်း၊ ငြင်းဆိုခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် အမြဲတမ်းရုပ်သိမ်းခြင်း

၂၀။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ် အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင်အမျိုးအစားအား သတ်မှတ်ရမည်။

၂၁။ ယာဉ်မောင်းလိုင်စင်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။ လိုင်စင်ထုတ်ပေးသည့် အရာရှိသည် သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိပါက ယာဉ်မောင်းလိုင်စင်ထုတ်ပေးရမည်။

*စာမျက်နှာ (၁၇) သို့*

# ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၆။)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)တွင်ပါရှိသော"ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့်စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ်သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည)**လွှတ်တော်ရုံး**ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့် ပြည်သူ့လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှု ကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။"

၄။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ) ကို ပယ်ဖျက်ရမည်။

၅။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည)လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။"

၆။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)တွင် ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့် စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုပြုသည့်အဖွဲ့အစည်းတစ်ခုခုက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "နယ်မြေဒေသခံပြည်သူများနှင့်ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ" ဆိုသည့် စကားရပ်ကို "ဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၁၉ အထိ သက်ဆိုင်သော "တာဝန်ထမ်းဆောင်ခြင်း" ဆိုသည့် အစုခေါင်းစဉ်ကို "တာဝန်ထမ်းဆောင်ခြင်းနှင့်နုတ်ထွက်ခြင်း" ဆိုသည့် အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၉။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည်နောက်တစ်ကြိမ် လွှတ်တော်သက်တမ်းပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရမည်။"

၁၀ ။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန် လွှတ်တော်က လွှတ်တော်အခွင့် အရေးကော်မတီမဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော်သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအားစိစစ်၍အတည်ပြုရမည်။"

၁၁ ။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့၌ ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၂ ။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၀ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၀။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်"

၁၃ ။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၃ နှင့် ၆၆ တို့တွင် ပါရှိသော "ပြည်သူ့လွှတ်တော်ရုံး" ဆိုသည့် စကားရပ်ကို "လွှတ်တော်ရုံး" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

*စာမျက်နှာ ၁၆ မှ*

၂၂။ လိုင်စင်ထုတ်ပေးသူအရာရှိသည်-

(က) တစ်ဦးတစ်ယောက်သောသူနှင့်ပတ်သက်၍ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင်ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် ငြင်းဆိုခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။ ထို့ပြင်ယာဉ်မောင်းလိုင်စင်လက်ရှိထားရန်သော်လည်းကောင်း၊ ရရှိရန်သော်လည်းကောင်းသီးခြားဖော်ပြသည့် ကာလအပိုင်းအခြားအတွက် အရည်အချင်းပျက်ယွင်းကြောင်း သတ်မှတ်ခြင်းတို့ ပြုနိုင်သည်-

(၁) ရောဂါ သို့မဟုတ် မသန်စွမ်းမှုတစ်ခုခုကြောင့် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်လျော်သူဟု ယုံကြည်ရန်အကြောင်း ရှိခြင်း၊

(၂) စိတ်ကျန်းမာကြံ့ခိုင်ခြင်းမရှိသဖြင့် အများပြည်သူ ဆိုင်ရာနေရာတွင် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်လျော်သူဟု ယုံကြည်ရန်အကြောင်းရှိခြင်း၊

(၃) မော်တော်ယာဉ်မောင်းနှင်ရေးနှင့်စပ်လျဉ်း၍ ပြစ်မှု မကြာခဏ ကျူးလွန်တတ်သူသို့မဟုတ် အရက်သေစာ အလွန်အကျူး အမြဲတစေ မူးယစ်သောက်စားလေ့ရှိသူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၄) ထိုသူ၏ ယခင်မှတ်တမ်းအရ မော်တော်ယာဉ် မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်း၊

(၅) ဤဥပဒေအရ ပြစ်မှု သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်စပ်လျဉ်းသည့်ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်၍ ထိုသို့ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးက ယာဉ်မောင်းလိုင်စင်ထုတ်မပေးရန် သို့မဟုတ် ရုပ်သိမ်းရန် သို့မဟုတ် ခေတ္တရပ်စဲရန်အဆိုပြုခံရသူဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရသည့် အကြောင်းများကို စာဖြင့်ရေးမှတ်၍ မှတ်တမ်းတင်ထားရမည်။

၂၃။ ဦးစီးဌာနသည် ယာဉ်မောင်းလိုင်စင်အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ပြောင်းလဲပေးရန်လျှောက်ထားခြင်းတွင် သတ်မှတ်ချက်များနှင့်အညီစိစစ်ဆေးပြီး ယာဉ်မောင်း လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၅။ ဦးစီးဌာနသည် ပြည်ပမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင် မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ ယာဉ်အကူလက်မှတ်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပုဒ်မ ၂၆ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး ယာဉ်အကူလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်းပြုနိုင်သည်။

၂၈။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ် ကိုင်ဆောင်သူက သတ်မှတ်ထားသည့် စည်းကမ်းကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်အမျိုးအစားပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် လိုင်စင်အမြဲတမ်းရုပ်သိမ်းခြင်းကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

၂၉။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေပြဋ္ဌာန်းချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်အကူကို ကာလသတ်မှတ်၍ ယာဉ်အကူလက်မှတ်ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ယာဉ်အကူလက်မှတ် အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။

၃၀။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းဖွင့်လှစ်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၃၀ အရလျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၂။ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၃၁ အရ ငြင်းပယ်သည့် အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၃။ (က) ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၃၁ အရ ချမှတ်သည့် အမိန့်မှအပ ဤအခန်းအရ ချမှတ်သည့် အခြားအမိန့်တစ်စုံတစ်ရာအပေါ် ကျေနပ်မှုမရှိသူသည် အဆိုပါ အမိန့်ချမှတ်သည့် အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါ ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ လည်းကောင်း အဆင့်ဆင့် အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနက ချမှတ်သည့်ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း(၆)**

**မော်တော်ယာဉ်တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း**

၃၄။ ဦးစီးဌာနသည် မော်တော်ယာဉ် တင်သွင်းခြင်း၊ မော်တော်ယာဉ် ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်း၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ရမည်။

၃၅။ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ ၃၅ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၇။ ပုဒ်မ ၃၆ အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုသည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း(၇)**

**ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်များ**

၃၈။ ဝန်ကြီးဌာနသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နိုင်ရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်း၍ ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) လိုအပ်သော ကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

(ဂ) ကော်မတီအသီးသီးတွင် ထိရောက်စွာတာဝန်ထမ်းဆောင်နိုင်ရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဃ) အများပြည်သူဆိုင်ရာ နေရာတွင် ဆောင်ရွက်သည့် တည်ဆောက်မှု လုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲ ကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့်ကာလတွင်ဖြစ်စေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များကို ထုတ်ပြန်ပေးပို့နိုင်သည်။

၃၉။ (က) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ခရိုင်နှင့် မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီတို့ကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

၄၀။ ဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည် -

(က) ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့် ခုနှစ်နှင့် အရေအတွက်သတ်မှတ်ခြင်း၊

(ခ) ပြည်တွင်း၌အသုံးပြုသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် သွားလာခွင့်ရှိသည့်နေရာဒေသသတ်မှတ်ခြင်း၊

(ဂ) နိုင်ငံအချင်းချင်းသို့မဟုတ် နိုင်ငံဖြတ်ကျော်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သွားလာခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

၄၁။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေနှင့်အညီ ကောက်ခံသည့်ဒဏ်ကြေးငွေနှင့် အောက်ပါ အခငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်-

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ ပြည်ပတင်သွင်း ယာဉ်မှတ်ပုံတင်ခ၊ မော်တော်ယာဉ် ကနဦးမှတ်ပုံတင်ခ၊ နှစ်လဲယာဉ်မှတ်ပုံတင်ခ၊ ယာဉ်စစ်ဆေးခနှင့် အခြားမှတ်ပုံတင်အခငွေများ၊

(ခ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ မှတ်ပုံတင်ခ၊ စစ်ဆေးခနှင့် အခြားယာဉ်မောင်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(ဂ) မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းနှင့် ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်းဆိုင်ရာ အခငွေများ။

၄၂။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေနှင့်အညီကောက်ခံသည့်ဒဏ်ကြေးငွေနှင့် အခငွေပမာဏများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်းနှင့် ပြောင်းလဲခြင်းပြုနိုင်သည်။ ***(ဆက်လက်ဖော်ပြပါမည်။)***

# ပေါင်းဝကျေးရွာ ရွှေစည်းခုံဗုဒ္ဓပူဇနိယပွဲတော်ကြီး စည်ကားလျက်ရှိ

**စစ်ကိုင်း စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ပေါင်းဝကျေးရွာ၌ မင်းကြီးစွာစော်ကဲ တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ် ဝါခေါင်လပြည့်ကျော် ၅ ရက်မှ ဝါခေါင်လပြည့်ကျော် ၁၀ ရက်အထိ ကျင်းပရာ ဗုဒ္ဓပူဇနိယပွဲတော်သည် ဘုရားဖူးပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်လာကြသော ဧည့်ပရိသတ်များဖြင့် တစ်နှစ်ထက်တစ်နှစ် စည်ကားလျက်ရှိသည်။



ပေါင်းဝကျေးရွာ ရွှေစည်းခုံဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် အဓိကရောင်းကုန်ဝယ်ကုန်များမှာ ရွှေဘိုမြို့နယ် ကျောက်မြောင်းရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှပြုလုပ်သော စဉ့်အိုး၊ စဉ့်ထည် ပစ္စည်းများဖြစ်သည်။ တရုတ်နိုင်ငံလုပ် ပလတ်စတစ်လူသုံးကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုနေကြသော်လည်း အဆိုပါစဉ့်အိုး၊ စဉ့်ထည်ပစ္စည်းများမှာလည်း ပွဲတော်တွင် ရောင်းအားကောင်းလျက်ရှိသည်။ ထို့အပြင် တောင်သူဦးကြီးများအတွက် အသုံးဝင်သော တောင်ရိုးကုန် (ခေါ်) ထွန်တုံး၊ ထွန်တံ၊ လှည်းသန်၊ လှည်းဆောင်ပန်း စသည်တို့ကိုလည်း ရောင်းချပြီး မုန့်ပဲသရေစာအဖြစ် ပရိမ္မကျေးရွာ၊ မအူလေးရွာများမှ လာရောက်ရောင်းချသော ကရေကရာမုန့်နှင့် မုန့်အမျိုးမျိုးကိုလည်း ဘုရားပွဲတော်ပြန်လက်ဆောင်အဖြစ် အများအပြားဝယ်ယူအားပေးကြသည်ကိုလည်း တွေ့ရှိရသည်။

ဒေသခံပြည်သူများ၏ တစ်နှစ်တာပင်ပန်းနွမ်းနယ်မှုများကို ပွဲတော်ရက်များအတွင်း အနားယူအပန်းဖြေနိုင်ရန် ရုပ်ရှင်သရုပ်ဆောင်မင်းသား၊ မင်းသမီး၊ အဆိုတော်များပါဝင်သော ဇာတ်အဖွဲ့များကိုလည်း ရုံသွင်းပြသတင်ဆက်ပေးလျက်ရှိသောကြောင့် ဈေးရောင်း၊ ဈေးဝယ်လာသူများ၊ ညပွဲကြည့်လာ ပရိသတ်များဖြင့် အထူးပင်စည်ကားလျက်ရှိသော ပွဲတော်ဖြစ်သည်။ ယခုနှစ်တွင် ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် ဝင်ရောက်လာသောကြောင့် ဈေးဆိုင်ခန်းအချို့ နေရာပြောင်းရွှေ့ပြီး ရောင်းချနေရသော်လည်း ဈေးဝယ်၊ ဈေးရောင်းများဖြင့် အလွန်စည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ဖားကန့်မြို့နယ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများပေးအပ်

**ဖားကန့် စက်တင်ဘာ ၉**

ဖားကန့်မြို့နယ်သည် နှစ်စဉ်မိုးရာသီကာလရောက်တိုင်း အနိမ့်ပိုင်းနေရာများသို့ ရေကြီးရေဝင်မှုများဖြစ်ပေါ်လျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ထောက်ပံ့ရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့က အလှူငွေကျပ်သိန်း ၂၀၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့က အလှူငွေများပေးအပ်လှူဒါန်းရာ ဖားကန့်တပ်နယ်တပ်မှူးနှင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်တို့က လက်ခံယူခဲ့သည်။

ဆက်လက်၍ လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဖားကန့်ရေကြီးရေဝင်ရောက်မှုတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော လူမှုကူညီရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ Metro Manila မြို့၌ စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်ထိ ကျင်းပသည့် ASEAN GENDER AND DEVELOPMENT FORUM ON TOURISM" Forum သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်စိုးအေမီကျော်သည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာ သွားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကြွေးကျန်တောင်သူများကြောင့် မိုးစပါးချေးငွေ ရာနှုန်းပြည့်ထုတ်ချေးရန် နှောင့်နှေးလျက်ရှိ

**ခင်ဦး စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်းမှ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား အချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၇ ရက်အထိ ၉၀ ဒသမ ၄၇ ရာခိုင်နှုန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် တောင်သူအချို့မှာ ယခင်မိုးစပါးစိုက်ရာသီများက ချေးငွေကြွေးကျန်များရှိနေသေးသဖြင့် ချေးငွေသစ်ထုတ်ပေးရန် မဖြစ်နိုင်သေးဘဲ နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း သိရသည်။

ယနေ့ထိထုတ်ချေးရန် ကျန်ရှိနေသေးသော ကျေးရွာအုပ်စုများမှ တောင်သူများမှာ ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ မိုးသီးနှံ၊ ဆောင်းသီးနှံ ချေးငွေများ ပေးဆပ်ရန် ကျန်ရှိနေသေးခြင်းဖြစ်ကြောင်း၊ ချေးငွေကြွေးကျန်ရှိနေသဖြင့် ဘဏ်ချေးငွေ စည်းမျဉ်း၊ စည်းကမ်းများနှင့် မညီညွတ်၍ ယခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် နှောင့်နှေးကြန့်ကြာနေရပြီး ချေးငွေထုတ်ပေးမှု ရာနှုန်းပြည့်မပြီးသေးခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခင်ဦးမြို့နယ်ဘဏ်ခွဲမှ မန်နေဂျာ ဒေါ်အေးအေးခိုင်က ပြောသည်။

ချေးငွေပေးဆပ်ရန် ကျန်သောကျေးရွာများအနက် ကံသစ်ကျေးရွာမှ ချေးငွေများပြေကျေပြီးသည့် အစုအဖွဲ့များအတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို စက်တင်ဘာ ၁၁ ရက်တွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ကျေးရွာအုပ်စု ၆၃ အုပ်စုမှ တောင်သူများအတွက် ငွေကျပ် ၉၁၄၇၄ ဒသမ ၂၀ သိန်းချေးရန်လျာထားသည့်အနက် ကျေးရွာအုပ်စု ၅၇ အုပ်စုမှ တောင်သူ ၁၅၃၁၀ အတွက် ချေးငွေကျပ် ၇၅၃၄၁ သိန်းကို အစုအဖွဲ့အလိုက် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## သတင်းတိုများ

### စာတတ်မြောက်ရေးနေ့ စာစီစာကုံး၊ ပိုစတာပြိုင်

မိတ္ထီလာမြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် နံရံကပ် Board ပြိုင်ပွဲများ၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲများ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို စက်တင်ဘာ ၈ ရက်က အထက(၁) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် နံရံကပ် Board ပြိုင်ပွဲများ၊ အလယ်တန်းအဆင့်ပိုစတာပြိုင်ပွဲများ၊ အထက်တန်းအဆင့်စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိသူကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

### ရောဂါကာကွယ်ရေး ခြင်ဆေးဖျန်း

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးရှိ ပုံကျဆိုင်တန်းများတွင် ခြင်နှင့်ယင်တို့မှ ဖြစ်ပွားကူးစက်တတ်သော ရောဂါများကို ကြိုတင်ကာကွယ်ရန်အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိန်းတို့က ကြီးကြပ်ကာ စည်ပင်သာယာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# အရန်သားဖွားဆရာမသင်တန်းဆင်း

**ကန့်ဘလူ စက်တင်ဘာ ၉**

မိခင်သေဆုံးမှုနှင့် ငါးနှစ်အောက်ကလေးသေဆုံးနှုန်း လျှော့ချနိုင်ရန်၊ ကျန်းမာရေးဝန်ထမ်းများ လက်လှမ်းမမီ မရောက်ရှိနိုင်သောကျေးရွာများတွင် နေထိုင်သည့်ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေရန်နှင့် ပြည်သူလူထုအတွင်းကျန်းမာရေးအသိပညာများ ပြန့်ပွားလာစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်နှင့် UNOPS တို့မှ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ခဲ့သော အရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၅) နှင့် (၂/၂၀၁၅) သင်တန်းဆင်းပွဲများနှင့် အမှတ်စဉ် (၃/၂၀၁၅)သင်တန်းဖွင့်ပွဲကို ကန့်ဘလူမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံ ခမ္မာရုံ၌ စက်တင်ဘာ ၇ ရက်က ကျင်းပကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ် ခုတင်(၁၀၀)ဆေးရုံအုပ် ဒေါက်တာမေစန်းချိုက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းဆင်း အရန်သားဖွားဆရာမများအား သင်တန်းဆင်းလက်မှတ်များနှင့် သားဖွားဆရာမသုံး ဆေးသေတ္တာ(Kit)ပုံးများကို ပေးအပ်သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရွှေဘိုတက္ကသိုလ်မြေယာလျော်ကြေးငွေပေးအပ်

**ရွှေဘို စက်တင်ဘာ ၉**

ရွှေဘိုတက္ကသိုလ်သည် ရွှေဘိုနှင့် ကျောက်မြောင်းမြို့ လမ်းဘေးတွင်ရှိပြီး ရွှေဘိုမှ အရှေ့နှစ်မိုင်အကွာတွင်ရှိသည်။ တက္ကသိုလ်တည်ဆောက်စဉ်ကာလ ၁၉၉၃-၁၉၉၄ က ရွှေဘိုမြို့နယ် မင်းကျောင်းကျေးရွာအုပ်စု ကွင်းအမှတ် ၂၇၅၄/ ၂၈၀၆/၂၈၀၈ တစ်စိတ်တစ်ပိုင်းတို့ ပါဝင်ခဲ့သည်။

ယခုအခါ ပညာရေးဝန်ကြီးဌာနက ဦးပိုင်ပေါက်ပြီး ပဂိုးကုန်း၊ မင်းကျောင်း၊ မြောင်းကြီးကျေးရွာအုပ်စုတို့မှ နစ်နာဆုံးရှုံးသူ တောင်သူ ၅၇ ဦးတို့အား စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ရွှေဘိုတက္ကသိုလ်ရတနာသိဃ်ခန်းမ၌ နစ်နာကြေးအဖြစ် တစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းနှုန်း ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်၊ ခရိုင်စီမံကိန်းဦးစီးမှူး ဦးဝင်းလွင်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးလက်တောင်သူများ တက်ရောက်ကြပြီး တောင်သူ ၅၇ ဦးသို့ စုစုပေါင်း လျော်ကြေးငွေကျပ် ၁၄၄၁၄၄၀၀၀ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၅၀)**

**သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

# ရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**မြစ်ကြီးနား စက်တင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကချင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်ကျောင်း (မြစ်ကြီးနား)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းကာ ရပ်ရွာအခြေပြု အခြေခံစက်ချုပ်တစ်လသင်တန်းကို စက်တင်ဘာ ၇ ရက်က မြစ်ကြီးနားမြို့ရှိ အဆိုပါ သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းက ကြီးကြပ်ကာ သင်တန်းနည်းပြဆရာမများက အနီးကပ် တာဝန်ယူပြီး အခြေခံစက်ချုပ်၊ လက်ချုပ်ဘောင်းဘီတို/ရှည်၊ လုံချည်ပုဆိုးအမျိုးမျိုးချုပ်နှင့် ဘလောက်စ်အင်္ကျီအမျိုးမျိုးချုပ်လုပ်ခြင်းကို စာတွေ့လက်တွေ့ သင်ကြားမည်ဖြစ်ကာ သင်တန်းသူ ၂၇ ဦး တက်ရောက်ကြောင်း သိရသည်။

**မိုယံးကျ(မြစ်ကြီးနား)**



# ခြေစစ်ပွဲအောင်ဖို့မျှော်လင့်ချက် ရှိနေသေးတယ်ဆိုတဲ့ စကော့တလန်

ယူရို ၂၀၁၆ ခြေစစ်ပွဲအောင်ဖို့ စကော့တလန်အသင်းအနေနဲ့ မျှော်လင့်ချက်ရှိနေသေးတယ်လို့ စကော့တလန်နည်းပြ ဂေါ်ဒန်စထရာချန်းက ပြောဆိုလိုက်ပါတယ်။ ဂျော်ဂျီယာနဲ့ ဂျာမနီကို ရှုံးခဲ့ပေမယ့်လည်း မျှော်လင့်ချက်တော့ ရှိနေပါသေးတယ်လို့ နည်းပြ စထရာချန်းက ဆိုပါတယ်။ ကမ္ဘာ့ချန်ပီယံဂျာမနီအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးတဲ့နောက် စကော့တလန်အသင်းဟာ အုပ်စု(D)မှာ စတုတ္ထနေရာက ရပ်တည်နေပါတယ်။ တတိယနေရာမှ အိုင်ယာလန်နောက်မှာ လေးမှတ်ခွာပြီးလိုက်နေရတဲ့တွက် စကော့တလန်အသင်းဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲအောင်ဖို့ အတော်လေးရုန်းကန်ကြိုးစားရတော့မယ့် အနေအထားဖြစ်ပါတယ်။ အုပ်စု ကိုးအုပ်စုရှိရာမှာ ထိပ်ပိုင်းနှစ်သင်းနဲ့ တတိယအကောင်းဆုံးအသင်းတွေဟာ ခြေစစ်ပွဲအောင်မှာဖြစ်ပါတယ်။ အခြားတတိယရှစ်သင်းဟာ နှစ်ကျော့ play-off ကစားရမှာဖြစ်ပြီး အနိုင်ရတဲ့အသင်းအနေနဲ့ ခြေစစ်ပွဲအောင် အသင်းတွေဖြစ်လာမှာဖြစ်ပါတယ်။

"ကျွန်တော်တို့အနေနဲ့ နောက်ဆုံးနှစ်ပွဲအဖြစ် ပိုလန်ကို အိမ်ရှင်အဖြစ် လက်ခံကစားမယ်။ ပြီးတော့ ဂျီဘရော်တာကို ဧည့်အသင်းအဖြစ် သွားရောက်ကစားမယ်။ ကျွန်တော်တို့ ခြေစစ်ပွဲအောင်ဖို့ အခွင့်အလမ်းတွေရှိနေပါသေးတယ်"လို့ နည်းပြစထရာချန်းက ဆိုပါတယ်။ ပိုလန်အသင်းဟာ အမှတ်ပေးဇယားဒုတိယ နေရာမှာရှိနေပြီး စကော့တလန်အသင်းထက် ခြောက်မှတ်အသာရနေတဲ့ အသင်းဖြစ်ပါတယ်။ ဂိုးကွာခြားချက်အရ စကော့တလန်အသင်းဟာ play-off ကစားရဖို့ ရှိနေပါသေးတယ်။ "ကျွန်တော်တို့အသင်းအနေနဲ့ နောက်ဆုံးနှစ်ပွဲမှာ အခွင့်အလမ်းနှစ်ခုရှိနေပါတယ်"လို့ စထရာချန်းက ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ခြေစစ်ပွဲအောင်ဖို့သေချာနေတဲ့ မြောက်အိုင်ယာလန်

မြောက်အိုင်ယာလန်အသင်းဟာ ဟန်ဂေရီအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ခြင်းမှာ တန်ဖိုးရှိတဲ့ ရမှတ်တစ်မှတ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်တယ်လို့ နည်းပြ မိုက်ကယ်အိုနေးလ်က ပြောဆိုလိုက်ပါတယ်။ မြောက်အိုင်ယာလန်အသင်းဟာ လက်ကျန်ပွဲနှစ်ပွဲကစားဖို့ ကျန်နေချိန် အုပ်စု(F)ရဲ့ ထိပ်ဆုံးသို့ ရောက်အောင် ရေပန်းမစားတဲ့ နော့ဝှစ်ချ်တိုက်စစ်မှူး ကိုင်လီလက်ဖာတီက ချေပဂိုးသွင်းယူခဲ့တဲ့အတွက် ထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ လက်ကျန်ပွဲနှစ်ပွဲဖြစ်တဲ့ ဂရိနဲ့ ဖင်လန်တို့ပွဲမှာ သရေ သို့မဟုတ် အနိုင်ကစားနိုင်ခဲ့မယ်ဆိုရင် မြောက်အိုင်ယာလန်အသင်းဟာ ၁၉၈၆ ခုနှစ် နောက်ပိုင်း ပထမဆုံး ခြေစစ်ပွဲအောင်အသင်းဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီအတောအတွင်း ဟန်ဂေရီအသင်းအနေနဲ့ ဖာရိုကျွန်းစုအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားပြီး ဂရိအသင်းကို ဧည့်အသင်းအဖြစ် သွားရောက်ကစားရမှာ ဖြစ်ပါတယ်။ "ကျွန်တော်တို့အသင်းဟာ လက်ရှိအနေအထားမှာတော့ အကောင်းဆုံးအနေအထားကို ရရှိထားပါတယ်။ လက်ကျန်နှစ်ပွဲမှာ သရေ သို့မဟုတ် အနိုင်ကစားနိုင်မယ်ဆိုရင်တော့ ခြေစစ်ပွဲအောင်ဖို့ သေချာပါတယ်"လို့ မိုက်ကယ်အိုနေးလ်က ဆိုပါတယ်။



ပရီမီယာလိဂ် ပွဲစဉ် (၅)

# အိုးထရက်ဖို့ဒ်မှာ ကြိုးကြာနီတို့ တောင်ပံကျိုးလေမလား မန်ယူပရိသတ်တွေအတွက် ကြယ်ကြွေညဖြစ်မလား

**မိုးမြင့်လင်းလက်**



*ဒီတစ်ပတ် စနေ၊ တနင်္ဂနွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်(၅)ကတော့ စောင့်ကြိုနေပါတယ်။ ဒီပွဲစဉ်မှာတော့ ပရိသတ်တွေကို ရသမျိုးစုံပေးမယ့် မန်ယူနဲ့ လီဗာပူးတို့ပွဲအပြင် အဲဗာတန်နဲ့ ချယ်လ်ဆီးတို့ပွဲတွေက မဖြစ်မနေအားပေးရဦးမယ့် ပွဲစဉ်တွေပါပဲ။ မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်းမှာ ကြိုးကြာနီတို့တောင်ပံကျိုးလေမလားဆိုတာ စိတ်ဝင်စားစရာကောင်းနေသလို မန်ယူပရိသတ်တွေအတွက်လည်း အိမ်ကွင်းမှာ ကြယ်ကြွေညဖြစ်သွားမလားဆိုတာ ရင်ပူစရာတော့ ကောင်းနေတာအမှန်ပါပဲ။*

### မန်ယူနှင့် လီဗာပူး

လက်ရှိအခြေအနေမှာ ခြေစွမ်းပိုင်းအားရစရာမရှိသေးတဲ့ ထိပ်တန်းနှစ်သင်းရဲ့တွေ့ဆုံမှုဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာ လေးပွဲကစားပြီးချိန်အထိ ခုနစ်မှတ်ကိုယ်စီရထားတဲ့ အသင်းတွေဖြစ်တာမို့ ဒီပွဲမှာ အသာစီးရအောင် အပြိုင်ကြိုးစားတော့မှာဖြစ်ပါတယ်။ မန်ယူနဲ့ လီဗာပူးတို့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် မန်ယူက သုံးပွဲနိုင်ပြီး လီဗာပူးက နှစ်ပွဲနိုင်ထားပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်က မန်ယူကွင်းမှာ လီဗာပူးတို့ သုံးဂိုးပြတ်နဲ့ နိုင်ပွဲရယူခဲ့တဲ့မှတ်တမ်းက ပူပူနွေးနွေးရှိနေတာမို့ မန်ယူတို့ သတိပြုကစားမှုရမှာပါ။ ဖီးလ်ဂျုံးကလွဲပြီး လူစုံပါဝင်လာမယ့် မန်ယူဟာ အိမ်ကွင်းမှာ အောင်ပွဲခံတေး ကျူးရင့်နိုင်ဖို့ တော်ရုံအားထုတ်လို့ မရနိုင်ပါဘူး။ ဒီပွဲဟာ နှစ်သင်းစလုံးခြေကုန်ထုတ်ကြမှာမို့ သရေရလဒ်ကို ဦးတည်သွားနိုင်ပါတယ်။

### အဲဗာတန်နှင့် ချယ်လ်ဆီး

ရာသီအစကတည်းက ခြေစွမ်းမတည်မငြိမ်ဖြစ်နေတဲ့ ချယ်လ်ဆီးဟာ ဒီပွဲမှာတော့ ဝေဖန်ပြစ်တင်မှုတွေ ဖယ်ရှားနိုင်ရေးကြိုးစားပါလိမ့်မယ်။ လေးပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲသာရထားတဲ့ ချယ်လ်ဆီးအတွက် နည်းပြမော်ရင်ဟို ဘယ်လိုဗျူဟာအခင်းအကျင်းနဲ့ ပွဲထွက်လာမလဲဆိုတာ စိတ်ဝင်စားစရာပါ။ ဒီနှစ်သင်းနောက်ဆုံး ငါးပွဲကစားခဲ့တဲ့ရလဒ်ပိုင်းကိုကြည့်ရင် ချယ်လ်ဆီးတို့ နိုင်ပွဲတွေချည်းရထားတာမို့ အခုပွဲမှာ အဲဒီအစဉ်အလာကောင်းကို ဆက်လက်ထိန်းနိုင်ရေးကြိုးစားပါလိမ့်မယ်။ အဲဗာတန်ဟာ ဘန်စလေကို ငါးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရထားသလို စပါးကိုလည်း ဂိုးမရှိ သရေပွဲကစားထားတာမို့ အခုပွဲဟာ ချယ်လ်ဆီးတို့ အလေးအနက်ထားကစားမှ ရလဒ်ကောင်းပါလိမ့်မယ်။

### ခရစ္စတယ်ပဲလေ့စ်နှင့် မန်စီးတီး

ရာသီအဖွင့်ပွဲစဉ်ကတည်းက ခြေစွမ်းကောင်းတွေ ဆက်တိုက်ပြသနေတဲ့ မန်စီးတီးတို့ဟာ သရေပွဲ၊ ရှုံးပွဲမရှိဘဲ ရလဒ်ကောင်းတွေ ဆက်တိုက်ပိုင်ဆိုင်ထားပါတယ်။ ခရစ္စတယ်ပဲလေ့စ်နဲ့ဆုံတိုင်း မန်စီးတီးတို့ နိုင်ပွဲရတာများပေမယ့် ဂိုးမပြတ်တာ သတိပြုရမှာဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ ခရစ္စတယ်ပဲလေ့စ်တို့ နိုင်ပွဲတွေရအောင် စွမ်းဆောင်နေပြီး ချယ်လ်ဆီးကိုသာ တစ်ပွဲတည်းရှုံးထားပြီး အခုပွဲက အိမ်ကွင်းလည်းဖြစ်တာမို့ မန်စီးတီးတို့ ခက်ခက်ခဲခဲကျော်ဖြတ်ရပါလိမ့်မယ်။ မန်စီးတီးတို့ အနိုင်ရဖို့များပေမယ့် ဂိုးမပြတ်နိုင်ပါဘူး။

### ဝက်စ်ဘရွန်းနှင့် ဆောက်သမ်တန်

ဒီနှစ်မှာ ရလဒ်တွေကမောက်ကမဖြစ်နေတဲ့ ဆောက်သမ်တန်အတွက်တော့ အခုပွဲဟာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ လေးပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲသာရထားတဲ့ ဆောက်သမ်တန်ရဲ့ ခြေစွမ်းကို အခုပွဲမှာ ဘယ်လောက်အထိ တိုးတက်လာမလဲကြည့်ရမှာဖြစ်ပါတယ်။ ဝက်စ်ဘရွန်းတို့လည်း အိမ်ကွင်းမှာ လူစုံထုတ်ပြီး နိုင်ပွဲရအောင် အားထုတ်ရမှာမို့ ဆောက်သမ်တန်တို့ အခက်ကြုံပါလိမ့်မယ်။ ဒီပွဲမှာ ကစားအားကောင်းတဲ့ ဆောက်သမ်တန်ရဲ့ စွမ်းဆောင်မှုတွေက ရလဒ်ကောင်းကို ဆောင်ကြဉ်းပါလိမ့်မယ်။

### အာဆင်နယ်နှင့် စတုတ်

စတုတ်ကွင်းမှာ အာဆင်နယ်တို့ အနိုင်မကစားနိုင်ပေမယ့် အာဆင်နယ်ကွင်းမှာတော့ စတုတ်တို့ရလဒ်မကောင်းတတ်ပါဘူး။ ဒီနှစ်ရာသီအစမှာ အိမ်ကွင်းနိုင်ပွဲမရသေးတဲ့ အာဆင်နယ်ဟာ အခုပွဲမှာတော့ စတုတ်ကို အနိုင်ကစားပါလိမ့်မယ်။ စတုတ်ရဲ့ အဝေးကွင်းစွမ်းဆောင်ရည်က အားရစရာမရှိပေမယ့် ဒီပွဲမှာ အမြင့်ဆုံးသရေတစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ အာဆင်နယ်တို့အတွက်တော့ အိမ်ကွင်းလည်းဖြစ်တာမို့ မဖြစ်မနေနိုင်ပွဲကို ရှာဖွေပါလိမ့်မယ်။

### ဝက်ဖို့ဒ်နှင့် ဆွမ်ဆီး

မန်ယူအသင်းကို အိမ်ကွင်းမှာ အနိုင်ယူခဲ့တဲ့ ဆွမ်ဆီးရဲ့ခြေစွမ်းက အသိအမှတ်ပြုစရာပါ။ ဒီနှစ်ပရီမီယာလိဂ်မှာ လေးပွဲကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးတဲ့ ဆွမ်ဆီးဟာ နိုင်ပွဲမရသေးတဲ့ ဝက်ဖို့ဒ်ကိုအဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရယူရေး အားထုတ်ပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဆွမ်ဆီးကသုံးပွဲနိုင်ပြီး ဝက်ဖို့ဒ်ကတစ်ပွဲနိုင်ကာ သရေတစ်ပွဲဖြစ်ထားပါတယ်။ ဆွမ်ဆီးဟာ အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တာမို့ အခုပွဲမှာ အိမ်ရှင်ရဲ့နိုင်ပွဲရှာဖွေမှုအကောင်အထည်ပေါ်သွားနိုင်ပါတယ်။

### နော့ဝှစ်ချ်နှင့် ဘုန်းမောက်

တန်းတက်ဘုန်းမောက်တို့ ပွဲတိုင်းအမှတ်ရဖို့ကြိုးစားနေပါတယ်။ ဘုန်းမောက်ရဲ့ခံစစ်ပိုင်းက အားနည်းချက်ရှိနေသလိုနော့ဝှစ်ချ်တို့ကလည်း ခံစစ်ပိုင်းယိုယွင်းနေတာမို့ အခုပွဲဟာခြေရည်တူနှစ်သင်းရဲ့ အားထုတ်မှုကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် နော့ဝှစ်ချ်တို့က အိမ်ကွင်းမှာ ခုခံအားကောင်းမွန်တာမို့ အခုပွဲမှာတော့ အမြင့်ဆုံးတစ်မှတ်တော့ မျှော်လင့်နိုင်ပါတယ်။ ။

## အင်္ဂလန်ကစားသမားအဖြစ်မှ အနားယူဖို့ မရှိသေးတဲ့ ရွှန်းနေ

အင်္ဂလန်အသင်းခေါင်းဆောင် ရွှန်းနေဟာ မကြာသေးမီက အင်္ဂလန်ဘောလုံးသမိုင်းမှာ ဂိုးအများအဆုံး စံချိန်တင်ခဲ့တဲ့ ဆာဘော်ဘီချာတန်ရဲ့ ဂိုးသွင်းစံချိန်ကို ချိုးဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အသက်အရွယ်ရလာပြီဖြစ်တဲ့ တိုက်စစ်မှူး ရွှန်းနေဟာ အင်္ဂလန်အသင်းမှ အနားယူလိမ့်မယ်လို့ ထင်ကြေးပေး ပြောဆိုနေကြတာနဲ့ပတ်သက်ပြီး ရွှန်းနေက သူ့အနေနဲ့ အင်္ဂလန်ကစားသမားအဖြစ်မှ အနားယူဖို့ အစီအစဉ်မရှိသေးကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရွှန်းနေဟာ ဂိုးသွင်းစွမ်းရည်ကျဆင်းလာမှုနဲ့ပတ်သက်ပြီး ဝေဖန်ပြောဆိုမှုများရှိနေပါတယ်။ ပရီမီယာလိဂ်ရာသီအစမှာ ၁၀ ပွဲတိတိ ဂိုးမသွင်းနိုင်ခဲ့တဲ့အတွက် ဝေဖန်ပြောဆိုမှုများနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အင်္ဂလန်နည်းပြ ရွိုင်းဟော့ဆင်ကတော့ ရွှန်းနေကို ဂိုးတွေသွင်းနိုင်အောင် အခြားကစားသမားတွေအနေနဲ့ ပံ့ပိုးမှုတွေ ပြုလုပ်သင့်တယ်လို့ ဆိုပါတယ်။ ရွှန်းနေဟာ အသက်အရွယ် အနည်းငယ်ရလာပေမယ့် အင်္ဂလန်အသင်းမှာ ဆက်လက်ခြေစွမ်းပြကစားနေဦးမှာဖြစ်တယ်လို့ နည်းပြ ရွိုင်းဟော့ဆင်က ဆိုပါတယ်။

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ အပိုင်း(၉)

သိပ္ပံစာရေးဆရာ
ကိုကိုအောင်

## အဏုမြူစွန့်ပစ်ပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်




**မတော်တဆ ဖြစ်ရပ်ကြီး၏ နောက်ဆက်တွဲပြဿနာများ**

ချာနိုဘိုင်းလ်အဏုမြူဓာတ်ပေါင်းဖို ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ နေရာဒေသတစ်ဝိုက်တွင် မြေဆီလွှာများ ပျက်သုဉ်းပြီး ကောက်ပဲသီးနှံများ စိုက်ပျိုး၍ မရတော့သည့်အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ ချာနိုဘိုင်းလ် အဏုမြူဓာတ်ပေါင်းဖို ပေါက်ကွဲမှုမဖြစ်ပွားခင်က စိမ်းလန်းစိုပြည်ခဲ့သော အနီးပတ်ဝန်းကျင်ဒေသများ၏ စိုက်ခင်းများနှင့် သစ်ပင်ပန်းမန်များသည် တစ်စတစ်စ ခြောက်သွေ့ပျက်စီးလာခဲ့သည်။ သဘာဝအလျောက် ပေါက်ရောက်နေခဲ့သော သစ်ပင်တောအုပ်များသည်လည်း တဖြည်းဖြည်းနှင့် ညှိုးနွမ်းခြောက်သွေ့လာခဲ့သည်။

သစ်ပင်များ နည်းပါးသွားခြင်း၊ ပန်းမန်များ ယုတ်လျော့သွားခြင်း၊ ကောက်ပဲသီးနှံပင်များမရှိတော့ခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို မှီခိုရှင်သန် ကျက်စားနေကြရသော သဘာဝတောရိုင်းတိရစ္ဆာန်များသည်လည်း သိသိသာသာ လျော့နည်းသွားတော့သည်။ သိပ္ပံပညာရှင်တို့က ဤကဲ့သို့ အဏုမြူဓာတ်ပေါင်းဖိုမတော်တဆမှုကြီးကြောင့် ဖြစ်ပေါ်လာရသော မြေဆီလွှာ ပျက်သုဉ်းမှုသည် နှစ်ပေါင်းရာနှင့်ချီ၍ ကာလရှည်ကြာနိုင်ကြောင်း ထုတ်ဖော်ကြေညာခဲ့ကြသည်။

ချာနိုဘိုင်းလ်အဏုမြူဓာတ်ပေါင်းဖိုကြီး ပေါက်ကွဲမှုဖြစ်ပွားစဉ်က စက်ရုံလုပ်သားများသည် ရေဒီယိုသတ္တိကြွပစ္စည်းများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားခြင်းမရှိစေရန် ကာကွယ်တားဆီးမှုအမျိုးမျိုး တတ်နိုင်သရွေ့ ဆောင်ရွက်ခဲ့ကြသော်လည်း ရေဒီယိုသတ္တိကြွပစ္စည်းအပိုင်းအစငယ်များစွာတို့သည် မြေကြီးထဲသို့ စိမ့်ဝင်ရောက်ရှိသွားခဲ့သည်။

ထိုသို့ စိမ့်ဝင်ရောက်ရှိသွားသော ရေဒီယိုသတ္တိကြွပစ္စည်းအပိုင်းအစငယ်များသည် တဖြည်းဖြည်းနှင့် မြေအောက်ရေကြောအတွင်းသို့ ဝင်ရောက်ကာ ဒေသခံတို့ အသုံးပြုနေကြသော မြစ်၊ ချောင်းနှင့် ရေတွင်းရေကန်များအထိတိုင် စိမ့်ဝင် ရောက်ရှိနေပြီဖြစ်ကြောင်း အဏုမြူကျွမ်းကျင်သူတို့က သတိပေးခဲ့ကြသည်။

ချာနိုဘိုင်းလ် အဏုမြူလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးသည် လုပ်ငန်းများပုံမှန်လည်ပတ်ခဲ့စဉ်က သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ သက်ဆိုင်ရာဒေသများအတွက် လျှပ်စစ်ဓာတ်အား ပမာဏအများအပြားကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည့် အဆင့်မြင့်နည်းပညာသုံး စက်ရုံကြီးတစ်ခုအဖြစ် ခံ့ညားဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့သော်လည်း ယခုကဲ့သို့ မတော်တဆမှုကြီးဖြစ်ပွားခဲ့ရသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ် ထိခိုက်ပျက်စီးစေခဲ့သော လုပ်ငန်းခွင်နေရာတစ်ခုအဖြစ် တစ်ကမ္ဘာလုံး၏ လက်ညှိုးထိုးဝေဖန်ပြစ်တင်ခြင်းကို ခါးစည်းခံနေရတော့သည်။

ယူကရိန်းပြည်နယ်၊ ချာနိုဘိုင်းလ်အဏုမြူဓာတ်ပေါင်းဖိုပေါက်ကွဲမှုနှင့် ပတ်သက်၍ ယေးလ်တက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့၌ သုံးသပ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ကြသည်။

ယင်းဆွေးနွေးပွဲများတွင် ဒေါက်တာ ဗလာဒီမာဗာတူလန်ကီးက ချာနိုဘိုင်းလ်ဓာတ်ပေါင်းဖို ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ရေဒီယိုသတ္တိကြွများသည် လူကီးမီးယား ခေါ် သွေးကင်ဆာရောဂါများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်းနှင့် လက်ရှိအကျိုးဆက်များသာမက နောင်အနာဂတ်ကာလတွင်လည်း ဆိုးကျိုးများ ခံစားကြရလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။

အလားတူပင် ဆွေးနွေးပွဲတက်ရောက်ခဲ့သူ ပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာ ဒင်နီယယ်ဟာရီဟော်ချက်ကလည်း အဆိုပါ ရေဒီယိုသတ္တိကြွမှုများကြောင့် ယူကရိန်းပြည်နယ်နှင့် ဘီလာရပ်စ်ပြည်နယ်များတွင် ၁၉၈၆ ခုနှစ် ဧပြီလမှစ၍ လည်ပင်းသိုင်းရွိုက်ကင်ဆာဖြစ်ပွားမှုနှုန်း ပိုမိုများပြားလာကြောင်း၊ ယခင်ပုံမှန်ဖြစ်ပွားမှုနှုန်းထက် အဆ ၁၀၀ ပိုမိုလာကြောင်း၊ နောင်တွင်လည်း ယခုဖြစ်ပွားနှုန်းထက် ပိုမိုလာဖွယ်ရှိကြောင်း သုံးသပ်ဆွေးနွေးခဲ့သည်။

ယူကရိန်းပြည်နယ်၏ ဗြိတိန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးလည်းဖြစ်ပြီး ရောဂါဗေဒပညာရှင်တစ်ဦးလည်းဖြစ်သော ပါမောက္ခ ကိုမီသာရန်ကိုးကလည်း ချာနိုဘိုင်းလ်ပေါက်ကွဲမှုကြောင့် ကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်ဖွယ်ရှိကြောင်း၊ ကင်ဆာရောဂါသည် စတင်ဖြစ်ပွားပြီး ၁၀ နှစ်ခန့်ကြာမှသိနိုင်သောရောဂါမျိုးဖြစ်သည့်အတွက် ယခုဖြစ်ရပ်၏ အကျိုးဆက်ဖြစ်သော ကင်ဆာရောဂါဖြစ်ပွားမည့် အရေအတွက်ကို ခန့်မှန်းရန်ပင် ခက်ခဲကြောင်း၊ ပစ္စုပ္ပန်ကာလ၏ဆိုးကျိုးထက် ယင်းပေါက်ကွဲမှု၏ နောက်ဆက်တွဲအကျိုးဆက်ကို အနာဂတ်ကာလတွင် မည်မျှကြာရှည်စွာခါးစည်း၍ခံကြရဦးမည်ကို လူအများက တွေးတော၍ စိုးရိမ်ထိတ်လန့်နေကြရခြင်းက ပို၍ဆိုးရွားကြောင်း သုံးသပ်ဆွေးနွေးခဲ့သည်။

ချာနိုဘိုင်းလ် အဏုမြူဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ ကီလိုမီတာ ၃၀ အတွင်းရှိ ဧရိယာကို အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ဒေသခံပြည်သူများ စွန့်ခွာခဲ့ကြသည်မှာ ယခုဆိုလျှင် ဆယ်စုနှစ်သုံးစုနီးပါးရှိခဲ့ပြီဖြစ်သည်။

လူသားများက စွန့်ခွာထွက်ပြေးလာခဲ့ကြသော်လည်း အိမ်မွေးတိရစ္ဆာန်အချို့နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များ၊ အင်းဆက်ပိုးမွှားများစွာနှင့် တွားသွားသတ္တဝါများစွာတို့သည် ချာနိုဘိုင်းလ်အန္တရာယ်ဇုန်အတွင်း၌ ကျန်ရှိနေခဲ့သည်။ အင်းဆက်ပိုးမွှားများကို အိမ်မြှောင်က သတ်ဖြတ်စားသောက်သည်။ အိမ်မြှောင်ကို ကြွက်က စားသည်။ ကြွက်ကို ကြောင်က စားသည်။ ကြောင်ကို မြေခွေးနှင့် ဝံပုလွေများက သတ်ဖြတ်စားသောက်သည်။

သတ်ဖြတ်စားသောက်ခြင်းခံရသော သားကောင်တိရစ္ဆာန်များသည် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်နေပြီးဖြစ်သလို၊ စားသောက်ကြသော သားရဲတိရစ္ဆာန်များသည်လည်း ရေဒီယိုသတ္တိကြွရောင်ခြည်သင့်နေသော သတ္တဝါများဖြစ်ကြသည်။ ထိုသို့ ဆင့်ကဲစားသောက်ခြင်းဖြစ်စဉ်များကြောင့် အန္တရာယ်ဇုန်အတွင်း၌ ကျန်ရှိနေခဲ့ကြသော တိရစ္ဆာန်မျိုးစုံနှင့်ဇုန်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသော သတ္တဝါအားလုံးတို့သည် ပြင်းထန်သော ရေဒီယိုသတ္တိကြွရောင်ခြည်သင့် ဝေဒနာများကို ခံစားရင်း အလွန်တိုတောင်းစွာကျန်ရှိနေသောဘဝ၏ နောက်ဆုံးအချိန်များကို ဖြတ်သန်းခဲ့ကြရသည်။

ရေဒီယိုသတ္တိကြွရောင်ခြည်သင့်မှု ဆင့်ကဲဖြစ်စဉ်၏ အဆိုးရွားဆုံးဖြစ်ရပ်မှာ အဏုမြူဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ပွားပြီး ရက်အနည်းငယ်အကြာတွင် ရေဒီယိုသတ္တိကြွဓာတ်ငွေ့နှင့် သတ္တုမှုန်များပါသောမိုး ရွာချခဲ့သည်။ ရွာချသောမိုးကြောင့် သစ်တုံးများနှင့် သစ်သားချောင်းများတွင် မှိုပွင့်များအများအပြား ထွက်ပေါ်လာခဲ့သည်။ မှိုပွင့်ကို အလွန်နှစ်သက်သော တောဝက်များက အုပ်စုလိုက် ဝင်ရောက်လာပြီး ရေဒီယိုသတ္တိကြွရောင်ခြည်သင့်မှိုပွင့်များကို အများအပြား စားသုံးကြသည်။ အဆိုပါဒေသတွင်းရှိ တောဝက်များ၏ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်မှုပမာဏ အလွန်မြင့်မားလာနေချိန်တွင် အန္တရာယ်ဇုန်မှ ပြင်ပသို့ကျွံထွက်လာသော တောဝက်များကို အမဲလိုက်သူတို့က ပစ်ခတ်ဖမ်းဆီးပြီး ချက်ပြုတ်စားသောက်ကြသည်။ ဤနည်းအားဖြင့် တိရစ္ဆာန်မှ လူတို့ထံသို့ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်စေသည့် ဆင့်ကဲဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့သည်။

အလားတူပင် အန္တရာယ်ဇုန်အတွင်း၌ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်တိရစ္ဆာန်မျိုးစုံတို့သည် အန္တရာယ်ဇုန်ဧရိယာ၏ ပြင်ပသို့ ကျွံထွက်လာကြသည့်အခါ တိရစ္ဆာန်အချင်းချင်း သတ်ဖြတ်စားသောက်ခံရခြင်းနှင့် မျိုးစိတ်တူ တိရစ္ဆာန်အချင်းချင်း မိတ်လိုက်ခြင်း စသည်တို့ကြောင့် တိရစ္ဆာန်အချင်းချင်း ရေဒီယိုသတ္တိကြွရောင်ခြည်သင့်မှု ဆင့်ကဲဖြစ်စဉ်များကို တိုး၍ဖြစ်ပေါ်စေခဲ့သည်။

ချာနိုဘိုင်းလ်အဏုမြူဓာတ်ပေါင်းဖိုပေါက်ကွဲမှုကြီးဖြစ်ပွားပြီးနောက် ယူကရိန်းပြည်နယ်အစိုးရက ဒေသခံများကို နေရပ်စွန့်ခွာ ရွှေ့ပြောင်းကြရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သလို၊ လျင်မြန်စွာရွှေ့ပြောင်းစွန့်ခွာနိုင်ရေးအတွက်လည်း တတ်နိုင်သမျှသော အကူအညီများကို ပေးခဲ့သည်။ ဤမျှကြိုးစားပမ်းစား လုပ်ဆောင်ခဲ့သော်လည်း ချာနိုဘိုင်းလ်အဏုမြူဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးချိန်မှစ၍ ၂၀၀၅ ခုနှစ်အထိကာလအတွင်း ရေဒီယိုသတ္တိကြွရောင်ခြည်ပျံ့နှံ့ရာ ဒေသများတွင် လူပေါင်းလေးထောင်ကျော် သေဆုံးခဲ့ကြရသည်။

၂၀၁၀ ပြည့်နှစ်သို့ ရောက်ရှိလာချိန်တွင် လည်ချောင်းကင်ဆာဝေဒနာကို ခံစားနေကြရသူ လူဦးရေမှာ ခြောက်ထောင်အထိ တိုးပွားလာခဲ့သည်။ ထို့ပြင် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်မှုကြောင့် ဆက်စပ်ဖြစ်ပွားသော ကင်ဆာရောဂါများကြောင့် သေလုမျောပါးဝေဒနာကို ခံစားနေကြရသူ စုစုပေါင်း ကိုးသောင်းသုံးထောင်တို့သည်လည်း ဘဝနိဂုံး အဆုံးသတ်ရတော့မည့်အချိန်ကို စောင့်နေကြရသည်။ ဓာတ်ပေါင်းဖိုကြီး ပေါက်ကွဲခဲ့စဉ်က လွင့်စဉ်ပျံ့နှံ့ခဲ့သော ရေဒီယိုသတ္တိကြွဓာတ်ငွေ့နှင့် ပစ္စည်းတန်ချိန်ပေါင်း ၅၀ ကြောင့် ထိုဒေသများတွင် သွေးကင်ဆာဖြစ်ပွားမှုနှုန်းမှာလည်း တိုးမြင့်များပြားလာခဲ့သည်။

ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည်သင့်ရောက်မှုကြောင့် ရောဂါဝေဒနာအမျိုးမျိုးကို ကိုယ်တိုင်ကိုယ်ကျ ခံစားနေကြရသူတို့၏ ဘဝဒုက္ခကလည်း အလွန်ကြီးမားကြသလို၊ ထိုထိုသော ဝေဒနာရှင်များကိုကြည့်၍ ထိတ်လန့်တုန်လှုပ်ချောက်ချားခဲ့ကြရသော မိဘညီအစ်ကိုမောင်နှမနှင့် ဆွေမျိုးသားချင်းများ၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့ရမှုများကလည်း ဘဝတစ်သက်တာ၏ ပျော်ရွှင်မှုများကို ဆိတ်သုဉ်းစေခဲ့တော့သည်။

**အဏုမြူရောင်ခြည်သင့်ခြင်း**

ရေဒီယိုသတ္တိကြွ ဖြာထွက်ရောင်ခြည်စိမ့်ထွက် ပျံ့နှံ့မှုကြောင့်ဖြစ်စေ၊ အဏုမြူ မတော်တဆမှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဓာတ်ပေါင်းဖို ပေါက်ကွဲမှုကြောင့်ဖြစ်စေ၊ အဏုမြူပုံးဒဏ်သင့်ခြင်းကြောင့်ဖြစ်စေ၊ ရေဒီယိုသတ္တိကြွရောင်ခြည်ကို အသုံးပြုသည့် လုပ်ငန်းခွင်နှင့် ဆက်စပ်ပတ်သက်ခဲ့မှုကြောင့်ဖြစ်စေ၊ လူတို့၏ ခန္ဓာကိုယ်ပေါ်သို့ အဏုမြူရောင်ခြည်များ ကျရောက်ထိတွေ့လာနိုင်သည်။ အကယ်၍ လူ့ခန္ဓာကိုယ်တစ်ခုလုံးသည် မြင့်မားသော အဏုမြူရောင်ခြည်နှင့် ထိတွေ့မိပါက ရက်သတ္တပတ်အတွင်း သေဆုံးသွားနိုင်သည်။ ခန္ဓာကိုယ်၏အစိတ်အပိုင်း အနည်းငယ်မျှလောက်သာလျှင် မြင့်မားသော အဏုမြူရောင်ခြည်နှင့် ထိတွေ့မိပါက အချိန်တိုအတွင်းအသက်ဆုံးရှုံးမှုမဖြစ်နိုင်ပေ။ သို့ရာတွင် အခြားသော သက်ရောက်မှုအများအပြား ဖြစ်ပေါ်လာနိုင်သည်။ လူ့ခန္ဓာကိုယ်၏အစိတ်အပိုင်းအချို့သည် မြင့်မားသော အဏုမြူရောင်ခြည်နှင့် ထိတွေ့မိခဲ့လျှင် ရက်သတ္တပတ်အနည်းငယ်အတွင်း ခန္ဓာကိုယ်၏ အရေပြားများ နီရဲလာလိမ့်မည်ဖြစ်သည်။ အဏုမြူရောင်ခြည်အဆင့်ပို၍မြင့်မားလေ ခံစားရသောဝေဒနာမှာ ပို၍ပြင်းထန်လေဖြစ်သည်။ အကယ်၍ အဏုမြူရောင်ခြည်သင့်ရောက်မှုသည် မျိုးဥအိမ်များကို ထိခိုက်သွားစေမည်ဆိုပါက မျိုးမအောင်ခြင်းကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်သည်။

လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများသည် ရေဒီယိုသတ္တိကြွအဏုမြူရောင်ခြည်သင့်ရောက်မှုကို ထောင့်တိုင်း စက်ဝိုင်းခြမ်းပုံသဏ္ဌာန်ဖြင့် လက်ခံရရှိခဲ့ပါက ရောင်ခြည်သင့်လက္ခဏာများကို ချက်ချင်းတွေ့မြင်ရမည်မဟုတ်ပေ။ နှစ်ကာလအလွန်ကြာမြင့်မှ သို့တည်းမဟုတ် သားစဉ်မြေးဆက် လက်ထက်ရောက်မှ အဏုမြူရောင်ခြည်သင့်ရောဂါလက္ခဏာများ ပြန်လည်ဖြစ်ပေါ်လာနိုင်သည်။

---

## ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနနှင့် မျိုးစေ့ထုတ်နည်းပညာသင်တန်းဖွင့်



**ဝမ်းတွင်း စက်တင်ဘာ ၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနနှင့် မျိုးပွားခြံ၌ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါးဧက ၅၀၀ မျိုးစေ့ထုတ် စိုက်ခင်း၌ မျိုးစေ့ထုတ်နည်းပညာပေးသင်တန်းကို စက်တင်ဘာလ ပထမပတ်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ၉၀ ကို အမလိုင်း (A) များ ရွှေ့ပြောင်းစိုက်ရာတွင် သိပ္ပံနည်းကျ စိုက်ပျိုးဆောင်ရွက်ရန်နှင့် မျိုးစေ့ထုတ်ရာ၌ အရေးကြီးဆုံးသော အဖိုစပါးအနံ့နှင့် အမစပါးအနံ့ ပန်းပွင့်ချိန်ကိုက်ညီအောင် ဆောင်ရွက်ရမည့် အခြေခံအချက်အလက်များကို စာတွေ့သင်ကြားပေးခြင်းနှင့် စိုက်ကွင်းအတွင်း လက်တွေ့ရှင်းလင်းပြသသည်။

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနနှင့် မျိုးပွားခြံ၌ ၂၀၁၁ ခုနှစ် မိုးရာသီတွင် စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ တစ်နိုင်ငံလုံးရှိ တောင်သူများထံသို့ ပုလဲသွယ်စပ်မျိုးစပါး (F1) မျိုးစေ့များကို ဖြန့်ဖြူးပေးနိုင်ခဲ့ခြင်းသာမက မျိုးစေ့ထုတ်နည်းပညာသင်တန်းများကို စာတွေ့လက်တွေ့အဖြစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကိုပေါက်(စိုက်ပျိုးရေး)**

# သီတင်းကျွတ်ကာလအထူးအစီအစဉ်

(အောက်တိုဘာလ ၁၁ ရက်နေ့အထိသာ)

SUZUKI Way of Life!

**Kyat 67 Lakh++**
(US$ 5,777++)

**Kyat 199 Lakh++**
(US$ 17,900 ++)




SUZUKI NEW SUPER CARRY TRUCK

အရေအတွက်အကန့်အသတ်(First come ,First served)

The Brand New ERTIGA

## အောက်ပါဆူဇူကီး၏တရားဝင်အရောင်းကိုယ်စားလှယ်များထံတွင်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လွင်နှင့်စွမ်း မော်တော်**
ကန်တော်ကလေးလမ်းနှင့်
ဗိုလ်မင်းခေါင်လမ်းထောင့်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၅၂၃၈၈၊ ၂၅၃၁၈၃၊
၀၁-၃၇၁၇၆၂၊ ၃၉၃၀၇၀၊ ၀၉ ၇၉၅၁၅၉၉၅၇

**အောင် မော်တော်**
အမှတ် - ၃၃၊ ပြည်လမ်း၊
၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၆၇၉၁၆၊ ၆၅၅၈၁၃၊
၀၁-၇၀၉၄၄၈၊ ၆၅၆၂၀၀

**မျိုး မော်တော်**
အမှတ် - ၁၉၂/၂၄၈ (ခ)၊
အရှေ့မြင်းပြိုင်ကွင်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၄၀၀၁၂၃၊ ၄၀၀၃၉၉၊
၀၁-၅၅၆၆၈၅၊ ၅၄၆၃၄၅

**ရဲနဒီ မော်တော်**
အမှတ် - (၅၀၊၅၁)၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၂၀၁၆၁၉ (Hot Line)၊
၀၁-၂၀၂၁၄၃၊ ၀၁-၂၉၆၆၀၅၊ ၀၁-၂၉၇၂၁၄

**အေအိုင်ဂျီ မော်တော်**
၆/၂ သိပ္ပံလမ်း၊ ၆၀x၆၁ လမ်းကြား၊
ချမ်းမြေ့သာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၇၃၀၄၀၃၆၆ ၊ ၀၉ ၇၃၀၄၀၃၇၇

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/ 8476 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/ 5081၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

ကျိုက်ထိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(I.D)မှ မပန်းအိအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၁၀/ကထန(နိုင်)၁၆၃၉၄၉ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၇၁၄၃၊ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ငြိမ်း ၈/ရစက(နိုင်)၀၆၄၂၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကြည်ဆွေဦး ၈/ပခက(နိုင်) ၁၂၇၄၄၀ ဖြစ်ပါကြောင်း။

**ဦးကြည်ဆွေဦး**

**POST** ဂျာလူးဝင်ခွင့်သင်တန်း
**ဧွေးကောက်ပွဲကော်မရှင်** စနေ၊တနင်္ဂနွေ(၉း၀၀-၁၂း၀၀)
တနင်္ဂနွေတရက်တည်း(၁၀း၃၀-၁း၀၀) ကြားရက် ညနေ(၅း၃၀-၇း၀၀)
၁၆၅ ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃

---

## Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | သွင်<br>၀၁-၃၇၂၉၄<br>၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁)<br>သိမ်ကြီးဈေး<br>၀၁-၂၄၃၀၅၇<br>၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂)<br>ဒဂုံစင်တာ(၂)<br>၀၉၇၃၂၅၄၀၉၁<br>၀၉၇၃၂၅၄၀၉၂ | ရွှေဆောင်<br>၀၁-၂၅၂၁၁၃<br>၀၁-၃၈၈၀၃၄<br>၀၁-၃၇၀၇၈၇ | မန္တလေး<br>ဝင်းလိုက်<br>၀၂-၃၉၁၂၈ ၀၂-၆၀၂၁၀ |
| | | | | | မြို့မ<br>၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ |
| မင်္ဂလာစံပြ<br>၀၉၂၆၀၈၈၇၀၃၅<br>၀၉၂၆၀၈၈၇၀၃၆<br>၀၁ ၂၃၀၃၁၆၅ | Top Royal<br>(စိန်ဂေဟာ-ပါရမီ)<br>၀၉၄၂၀၁၀၆၂၉၁<br>၀၉၄၂၀၁၀၆၂၉၂ | နေပြည်တော်<br>၀၁-၂၅၁၂၇၇<br>၀၁-၂၅၁၂၈၈ | မင်္ဂလာဝဇီရာ<br>(လှိုင်သာယာ)<br>၀၉၂၆၁၃၉၀၁၁၅၅<br>၀၉၂၆၁၃၉၀၁၁၆၆ | မင်္ဂလာထွန်းသီရိ<br>(ပြည်)<br>၀၉၇၉၁၁၈၃၇၅၁<br>၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာဒိုင်းမွန်း<br>၀၉၄၀၂၇၆၅၆၄၁<br>၀၉၄၀၂၇၆၅၆၄၂ |

**ကျူးပစ်ရဲ့ကျေးကျွန်များ**
ရန်ကုန်
သမ္မတ ၊ သွင် ၊
မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ
TOP ROYAL(ပါရမီ-စိန်ဂေဟာ)
မင်္ဂလာဝဇီရာ (လှိုင်သာယာ)
မန္တလေး
ဝင်းလိုက် ၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

**POLTERGEIST(3D)**
ရန်ကုန်
နေပြည်တော်(၁)
မင်္ဂလာဒဂုံစင်တာ(၂)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

**THE TRANSPORTER REFUELED**
ရန်ကုန်
ရွှေဆောင်(၁)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း
မြို့မ(၁၀း၀၀နာရီ)

**FANTASTIC - 4**
ရန်ကုန် - နေပြည်တော်(၃)

**HITMAN-Agent 47**
ရန်ကုန် - ရွှေဆောင်(၂)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

**MISSION IMPOSSIBLE Rouge Nation M.I - 5**
ရန်ကုန်-နေပြည်တော်(၂)

**၁၁ . ၉ .၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ**

ပွဲချိန်သတ်ပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ


















ICBC

AYA Bank
ရာဝတီဘဏ်
Your Trusted Partner

# Congratulations!

## on the opening of

## ICBC Bank

## Yangon Branch

**AYA Bank**

8th September 2015

Novotel Yangon Max Hotel

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

